မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ရက်၊ ၂၀၀၉ ခုနှစ်၊ စက်တင်ဘာ ၁၅ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၈)၊ အမှတ်(၃၄၅)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- * အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- * စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စိုက်ပျိုးရေးနှင့် မွေးမြူရေးတို့ကို စနစ်တကျဆက်စပ်၍ အလေအလွင့်မရှိအောင်ဆောင်ရွက် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တစ်နိုင်တစ်ပိုင် စက်ကိရိယာများ တိုးမြှင့်အသုံးပြု

သီးနှံတစ်ဧကအထွက်နှုန်း တိုးတက်လာစေရေး ဆက်လက်ကြိုးစားသွားကြစေလို နိုင်ငံတော်အပိုင်းက လိုအပ်သောပံ့ပိုးမှုများအားလုံးကို ဖြည့်ဆည်းပေးသွားမည်

နေပြည်တော် စက်တင်ဘာ ၁၄

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမင်း၊ အစိုးရအဖွဲ့အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ *စာမျက်နှာ ၆ ကော်လံ ၁ **

ကျေးလက်ဒေသများသည် မြို့ပြဒေသများနှင့်မခြား ဖွံ့ဖြိုးတိုးတက်လာနိုင်စေရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကို အောင်မြင်စွာ အကောင်အထည်ဖော်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဇီးကုန်းမြို့နယ် ကန္တလီကျေးရွာအုပ်စု၌ ဒေသတွင် အသုံးပြုလျက်ရှိသော မြေဩဇာနှင့် စပါးမျိုးများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် လက်ပံတန်းမြို့နယ် ဝေးတောက်ကွင်း ကျေးရွာအုပ်စုရှိ တောင်သူ ဦးတင်ဝင်း၏ ဆင်းသွယ်လတ် မိုးစပါးစိုက်ခင်း၌ ကျင်းပသည့် မိုးစပါးပေါင်းလိုက်၊ တမန်းနှီး၊ မြေဩဇာကြဲပက်ပွဲတွင် ဝေးတောက်ကွင်း၊ သိုက်ဝါးချောင်း၊ ကွမ်းခြံနှင့် ဂရန်စံပြကျေးရွာတို့မှ ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၉ခုနှစ် စက်တင်ဘာ ၁၅ရက်)

နိုင်ငံတစ်ဝန်း သစ်တောစိုက်ခင်းများ တိုးချဲ့စိုက်ပျိုး အရှည်ဖြစ်ထွန်းရှင်သန်ရေး အသိစိတ်ဓာတ်ရှိရှိ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်

ပဲခူးရိုးမတွင်စိုက်ပျိုးထားသည့် သစ်တောစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုနှင့် ပဲခူးရိုးမကို ဖြတ်ကျော်ဖောက်လုပ်ထားသည့် ပြည်-ပေါက်ခေါင်း-အုတ်တွင်း-တောင်ငူလမ်း တိုးတက်ပြုပြင်မှု အခြေအနေများကို နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် စက်တင်ဘာလ ၁၂ရက်နေ့က လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

နှစ်ရှည်ပင်စိုက်ခင်းများစိုက်ပျိုးခြင်းသည် သစ်တောထွက်ပစ္စည်းများ ပိုမိုဖြည့်ဆည်းနိုင်ရေး၊ သစ်တောဂေဟာစနစ် ပိုမိုကောင်းမွန်ရေး၊ မြေဆီလွှာထိန်းသိမ်းရေး၊ရာသီဥတုကောင်းမွန်မျှတရေးတို့နှင့် ဆက်စပ်နေပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်ရန် များစွာအထောက်အကူပြုမည် ဖြစ်သည်။

သစ်တောစိုက်ခင်းလုပ်ငန်းများတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပိုမိုပါဝင်စိုက်ပျိုးလာစေရန် နိုင်ငံတော်က စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ သတ်မှတ်ဆောင်ရွက်ပေးခဲ့ပြီး ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများအပါအဝင် နိုင်ငံတစ်ဝန်းလုံး၌ ကျွန်းနှင့်နှစ်ရှည်သစ်တောစိုက်ခင်းများကို ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလျက်ရှိသည်။

သစ်တောရေးရာဝန်ကြီးဌာနသည် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းအတွင်းရှိ ခရိုင်ရှစ်ခရိုင်၊ မြို့နယ် ၃၁မြို့နယ်တို့၌ ၂၀၀၄ခုနှစ်မှ စတင်အကောင်အထည်ဖော်လျက်ရှိသည်။ ၂၀၀၇-၂၀၀၈ခုနှစ်အတွင်း ကျွန်းဧက ၁၀၀၀ စိုက်ခင်းကို အုတ်တွင်းမြို့နယ်၌ စိုက်ပျိုးခဲ့ရာ အပင်ရှင်သန်မှု ၉၀ဒသမ ၁၆ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် တောင်နဝင်းကြိုးဝိုင်း၊ ဧရာဝတီတိုင်း ကြံခင်းမြို့နယ် ကြံခင်းကြိုးဝိုင်း၊ ပဲခူးတိုင်း (အရှေ့ပိုင်း)ကျောက်တံခါးမြို့နယ် ရဲနွယ်ကြိုးဝိုင်းများတွင် ပုဂ္ဂလိကကျွန်းစိုက်ခင်း ဧက၉၇၀၀စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ ဧက၄၁၀၀ စိုက်ပျိုးပြီးစီးခဲ့ပြီ ဖြစ်သည်။

သို့ဖြစ်ပေရာ နိုင်ငံတော်အစိုးရသည် သဘာဝသစ်တောများအတွင်း ကွက်လပ်ဖြည့်စိုက်ခင်းများနှင့် သစ်တောစိုက်ခင်းများကို စီမံချက်ချမှတ်ကာ နှစ်စဉ် တိုးချဲ့စိုက်ပျိုးလျက်ရှိရာ သစ်တောထွက်ပစ္စည်းများ ရေရှည်အကျိုးရှိစွာထုတ်ယူသုံးစွဲနိုင်ရန် တိုင်းရင်းသားပြည်သူများအပိုင်းက အသိစိတ်ဓာတ်ရှိရှိ ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၁၅-၉-၂၀၀၉ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၁၅ ၄။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၄း၂၅ ၅။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၄း၅၅ ၆။ မျိုးချစ်တပ်မတော်
၅း၀၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၅း၁၅ ၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၂။ လျှပ်တစ်ပြက်
၆း၄၀ ၁၃။ ကလေးတို့ကမ္ဘာ
၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်သံကြား **ချစ်သောရောင်စဉ်** (အပိုင်း-၁၉)
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ နိုင်ငံတကာသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ မွေးမြူသုတ
၂၀။ ဟာသရုပ်စုံ
၂၁။ ဗွီစီဒီကျော်ကြားတေးများ
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အချစ်ဆိုသောအရာ** (အပိုင်း-၅)
၂၄။ လယ်တီဆရာတော်ကြီး၏ ထေရုပ္ပတ္တိ (အပိုင်း-၂၃)

အရှေ့တောင်အာရှဒေသဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (၂၇)ကြိမ်မြောက် ကျန်းမာရေးဝန်ကြီးများ အစည်းအဝေး
ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်ပြီး ပြန်လည်ရောက်ရှိ

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် နီပေါနိုင်ငံ ခတ္တမန္တူမြို့၌ ကျင်းပသည့် အရှေ့တောင်အာရှဒေသဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၂၇)ကြိမ်မြောက် ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်စဉ်။

(သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၁၄

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၇ရက်မှ ၁၀ရက်အထိ နီပေါနိုင်ငံ ခတ္တမန္တူမြို့၌ကျင်းပသည့် အရှေ့တောင်အာရှဒေသဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၂၇)ကြိမ်မြောက် ကျန်းမာရေး ဝန်ကြီးများ အစည်းအဝေးနှင့် (၆၂)ကြိမ်မြောက်ဒေသဆိုင်ရာ ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။

ကြိုဆိုနှုတ်ခွန်းဆက်

အရှေ့တောင်အာရှဒေသဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၂၇)ကြိမ်မြောက် ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ၇ရက် နံနက် ၉နာရီက ခတ္တမန္တူမြို့ Soaltee Crowne Plaza ဟိုတယ် Megha Malhar ခန်းမ၌ ကျင်းပရာ နီပေါနိုင်ငံ ဝန်ကြီးချုပ် H.E. the Rt. Hon. Mr.Madhav Kumar Nepal က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ပြောကြား

ယင်းနောက် နီပေါနိုင်ငံကျန်းမာရေးနှင့် လူမှုရေးဝန်ကြီးဌာနဝန်ကြီး H.E. Mr. Umakant Chowdhury၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Dr. Samlee Plianbangchang၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် Dr. Margaret Chanနှင့် ခတ္တမန္တူပြည်နယ် ကျန်းမာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr.Khadag Bahadur Basyal တို့က အဖွင့်မိန့်ခွန်း ပြောကြားကြသည်။

မွမ်းမံတည်ဆောက်

အစည်းအဝေးတွင် ဝန်ကြီးဒေါက်တာကျော်မြင့်က ကမ္ဘာ့စီးပွားရေး ကျဆင်းမှုကြောင့် ကျန်းမာရေး၊ ပညာရေးနှင့် လူမှုရေးလုပ်ငန်းများအပေါ် အကျိုးသက်ရောက်မှု ရှိနိုင်ကြောင်း၊ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အလှူရှင်များ၏ ပံ့ပိုးမှုဖြင့် ဆောင်ရွက်လျက်ရှိသော ကျန်းမာရေးလုပ်ငန်းများအပေါ် ထိခိုက်မှုရှိနိုင်သဖြင့် ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ပဏာမ ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် တစ်နိုင်ငံလုံးအား လွှမ်းခြုံ၍ ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို စရိတ်မျှပေးစနစ်ဖြင့် ဆောင်ရွက်လျက်ရှိပြီး ချို့တဲ့နွမ်းပါးသူများအား အခမဲ့ကျန်းမာရေး စောင့်ရှောက်မှု ပေးလျက်ရှိကြောင်း၊ ယခုနှစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဆောင်ပုဒ်ဖြစ်သည့် Protecting Health Facilities from Emergencies အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံသည် ၂၀၀၈ခုနှစ် မေလအတွင်း ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ကျန်းမာရေးဌာနများ ပျက်စီးခဲ့ရသည့် အတွေ့အကြုံအပေါ် နမူနာယူ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုအခါ နိုင်ငံတော်အစိုးရ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် အလှူရှင်များ၏ ပံ့ပိုးမှုဖြင့် အားလုံးနီးပါး ပြုပြင်မွမ်းမံ တည်ဆောက်ပြုလုပ်ပြီးစီးပြီဖြစ်ကြောင်း၊ အသစ်ဆောက်လုပ်သည့် ကျန်းမာရေးဌာနများကို မုန်တိုင်းဒဏ်ခံနိုင်သည့် အဆောက်အအုံများအဖြစ် ပုံစံရေးဆွဲ ဆောက်လုပ်လျက်ရှိကြောင်းဖြင့် ဆွေးနွေးသည်။

မှတ်တမ်းတင်

ထို့နောက် အရှေ့တောင်အာရှအဖွဲ့ဝင်နိုင်ငံများအတွင်း အရေးပေါ်အခြေအနေများနှင့် သဘာဝဘေးအန္တရာယ် ကျရောက်နေစဉ်အတွင်း ကျန်းမာရေးထိခိုက်မှုများ မရှိစေရေးနှင့် စဉ်ဆက်မပြတ် ကျန်းမာရေး စောင့်ရှောက်မှု ပေးနိုင်စေရေးအတွက် သဘာဝဘေးအန္တရာယ် ခံနိုင်ရည်ရှိသော အဆောက်အအုံများ ဆောက်လုပ်ရေးနှင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရေးဆိုင်ရာ ခတ္တမန္တူကြေညာစာတမ်း (Protecting Health Facilities from Disasters)ထုတ်ပြန်နိုင်ရေးအတွက် အသေးစိတ်ညှိနှိုင်း ဆွေးနွေးကြပြီး မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ဝန်ကြီး ဒေါက်တာကျော်မြင့် ခေါင်းဆောင်သောအဖွဲ့သည် စက်တင်ဘာ၈ရက် နံနက်၉နာရီက ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၆၂)ကြိမ်မြောက် ဒေသဆိုင်ရာကော်မတီ အစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။

ညနေ၄နာရီတွင် အရှေ့တောင်အာရှဒေသဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၂၇)ကြိမ်မြောက် ကျန်းမာရေး ဝန်ကြီးများ အစည်းအဝေးကို Soaltee Crowne Plaza ဟိုတယ်၌ ဆက်လက်ကျင်းပပြီး ခတ္တမန္တူကြေညာစာတမ်းကို ဆွေးနွေးအတည်ပြုကြကာ အစည်းအဝေးပိတ်ပွဲကို ကျင်းပသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၆၂)ကြိမ်မြောက် ဒေသဆိုင်ရာကော်မတီအစည်းအဝေးကို စက်တင်ဘာ ၉ရက်နှင့် ၁၀ရက်တို့တွင် ဆက်လက်ကျင်းပခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြပြီး ဝန်ကြီးနှင့်အတူ အဖွဲ့ဝင်များဖြစ်ကြသည့် ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး) ဒေါက်တာစောလွင်နှင့် လက်ထောက်ညွှန်ကြားရေးမှူး (နိုင်ငံခြားဆက်သွယ်ရေး) ဒေါက်တာကျော်ခိုင်တို့လည်း ပြန်လည်လိုက်ပါလာကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာရေးဆရာ မောင်ခင်မင်(ဓနုဖြူ)၏ ဘာသာအမြင်၊ စာပေအမြင် စာအုပ်ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၁၄

စာရေးဆရာ မောင်ခင်မင်(ဓနုဖြူ)၏ ဘာသာအမြင်၊ စာပေအမြင်စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**

အဆိုပါ စာအုပ်တွင် ဘာသာစကားကဏ္ဍ၌ လူ့ကိုယ်ခန္ဓာနှင့် ဘာသာစကား၊ လူမှုကိစ္စအမျိုးမျိုးကို အခြေပြုသော မြန်မာဝေ့လည်သုံးစကားများ၊ မြန်မာစကားသံပြောင်းလဲမှု၊ မြန်မာဘာသာစကားတွင် အ-မြစ်သံ(အနိမ့်သက်သံ)၏ အခန်းကဏ္ဍ၊ မြန်မာသဒ္ဒါနှင့် ဝါစင်္ဂ ရှစ်ပါး ပြဿနာစသည်ဖြင့် အခန်း၁၂ ခန်းနှင့်စာပေကဏ္ဍ၌ သံဝရပျို့အပြောက်အမွမ်း၊ ရှေးခေတ် မြန်မာစကားပြေ၊ ရှေးခေတ် မြန်မာ့ဂန္ထဝင်စာပေ၊ ဇေယျ၏ စာပေဆောင်းပါးများ၊ ဇေယျ၏ မြန်မာမှုဆောင်းပါး စသည်ဖြင့် အခန်း၁၈ခန်း စုစုပေါင်း အခန်း၃၀ ပါရှိသည်။

ရှေးခေတ်မှ မျက်မှောက်ခေတ်အထိ အဆင့်ဆင့်ဖွံ့ဖြိုးလာသော မြန်မာဘာသာစကားနှင့် မြန်မာစာပေ၏ သွင်ပြင်လက္ခဏာများကို စနစ်တကျ သုတေသနပြုထားသော စာတမ်းများ စုစည်းထားခြင်းဖြစ်သဖြင့် မြန်မာဘာသာစာပေကို ခြေခြေမြစ်မြစ် လေ့လာနေသော သုတေသီများအတွက် လက်စွဲပြုရမည့်စာအုပ် ဖြစ်သည်။

ယင်းစာအုပ်ကို ပုဂံစာအုပ်တိုက် ၄(A) ၅ ရန်ကင်းစင်တာ ဆရာစံလမ်း ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၅၁-၁၀၀၃၈၊ ၀၁-၅၄၄၃၂၁မှ ထုတ်ဝေ ဖြန့်ချိလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပူတာအိုဌ် စာအုပ်များ ပေးအပ်လှူဒါန်း

ပူတာအို စက်တင်ဘာ ၁၄

ကချင်ပြည်နယ် ပူတာအိုမြို့နယ် ဆာရ်ခွမ်ဒမ်ကျေးရွာအုပ်စု ထဝါဒမ်ကျေးရွာ ခင်စိုးစာကြည့်တိုက်တွင် စာအုပ်လှူဒါန်းပွဲကို ဩဂုတ် ၁၈ရက်ကကျင်းပရာ ပူတာအိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်မြင့် တက်ရောက်အမှာစကား ပြောကြားပြီး ဒုတိယဦးစီးမှူး ဦးခင်ဆန်ခင်က စာအုပ်များပေးအပ်လှူဒါန်းခဲ့သည်။

(ခရိုင် ပြန်/ဆက်)

မြန်မာ့ရုပ်မြင်သံကြား

၁၅-၉-၂၀၀၉ ရက်
(အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ **မြတ်ဂုဏ်တော်သခင်** သန်းမြတ်စိုး (တေးရေး-မောင်မောင်လတ်)
၇း၅၅ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၅ ၆။ အကပြိုင်ပွဲ
၈း၂၀ ၇။ ရွှေလီတံတား(နမ့်ခမ်း)
၈း၃၀ ၈။ **၂၀၀၉ ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) (အခြေခံပညာ ၁၀-၁၅နှစ်) (အမျိုးသမီး)**
၈း၄၀ ၉။ International News
၈း၄၅ ၁၀။ နှောင်းခေတ်တေးပဒေသာ
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ Myanmar National League MNL Cup (2009) ဘောလုံးပြိုင်ပွဲ ထုတ်လွှင့်မှု အစီအစဉ် (ရန်ကုန်ယူနိုက်တက် F.C နှင့် ဥဿာယူနိုက်တက် F.C)
၄း၅၅ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၅း၀၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
၅း၁၅ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၂၀ ၅။ အတီးပြိုင်ပွဲ
၅း၂၅ ၆။ တေးသရုပ်ဖော်အစီအစဉ်
၅း၃၅ ၇။ ရင်မှာစွဲထင် တေးအလှသံစဉ်
၅း၄၅ ၈။ **၂၀၀၉ ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) (အခြေခံပညာ ၅-၁၀နှစ်) (အမျိုးသား)**
၆း၀၀ ၉။ ညနေခင်းသတင်း
၆း၁၅ ၁၀။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၁။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၃၅ ၁၂။ ဆိုလိုက်ကြစို့
၇း၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **တစ်ရေးနိုးဖူးစာ** (အပိုင်း-၁၆)
၈း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေ့မေတ္တာ** (အပိုင်း-၂၉)
၁၈။ အစီအစဉ်ပြီး၏။

ကျောက်ပန်းတောင်းမြို့နယ်၌ မူလတန်းလွန်ကျောင်းဆောင်သစ်လွှဲအပ်

နေပြည်တော် စက်တင်ဘာ ၁၄

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် စက်တင်ဘာ ၁၂ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် ဆုံကုန်းကျေးရွာအုပ်စု ဆုံကုန်းကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

လှည့်လည်ကြည့်ရှု

အခမ်းအနားတွင် ကျောက်ပန်းတောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်မြင့်သိန်း၊ အလှူရှင်ထွန်းဖောင်ဒေးရှင်းဘဏ်ဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် မြို့နယ်ပညာရေးမှူး ဒေါ်အကြူတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဝန်ကြီးက ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကာ ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှု၍ အမှာစကား ပြောကြားသည်။

ထို့နောက်အလှူရှင်က ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူးထံ လည်းကောင်း၊ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံများကိုလည်းကောင်း ပေးအပ်ပြီး ရပ်မိရပ်ဖဦးထွန်းထွန်းက ကျေးဇူးတင်စကားပြောကြားသည်။

ဝိုင်းဝန်းကြိုးပမ်း

ယင်းနောက် ဝန်ကြီးက ဒေသဖွံ့ဖြိုးမှု အရှိန်အဟုန် ပိုမိုမြင့်မားစေရန်အတွက် နိုင်ငံတော်၏ ဦးဆောင်မှုဖြင့် ပြည်သူအားလုံးက အင်တိုက်အားတိုက် ဝိုင်းဝန်းကြိုးပမ်းကြရေးမှာကြားပြီး ဒေသခံပြည်သူများ၊ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများအား လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မေတ္တာသည် သီတာရေစင်

မေတ္တာတရားတည်ရှိရာ ထွန်းကားရာ အရပ်များ၌
မည်သို့သော ချမ်းသာမှုမျိုးနှင့်မျှ မတူသော
ချမ်းမြေ့မှုများ ကိန်းဝပ်နေမြဲဖြစ်၏။
ထို့ကြောင့် သီလကို ပန်းရနံ့နှင့်နှိုင်း၏။
မေတ္တာကို သီတာရေစင်နှင့် ဥပမာပြုကြသည်။

မြောက်ဥက္ကလာပ အထက(၁)ရွှေရတု အခမ်းအနားကျင်းပရေး ညှိနှိုင်းစည်းဝေး

ရန်ကုန် စက်တင်ဘာ ၁၄

ရန်ကုန်တိုင်း မြောက်ဥက္ကလာပ မြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၏ (၁၉၅၉-၂၀၀၉) ခုနှစ်အတွက် နှစ်(၅၀)ပြည့် ရွှေရတုအခမ်းအနား ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ၁၃ရက် နံနက်၁၀နာရီတွင် အထက (၁၀) မြတ်ခရေခန်းမ၌ ကျင်းပရာ ယခုနှစ် ဒီဇင်ဘာ ၂၃ရက်မှ ၂၇ရက်ထိ ငါးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း ဆွေးနွေးကြသည်။

ထို့နောက် အခမ်းအနား တက်ရောက်လာကြသော ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများက ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး ရွှေရတုအထိမ်းအမှတ် ရေစင်ကြီးတည်ဆောက်ရေးအတွက် အလှူတော်ငွေကျပ် သိန်း ၅၀ကို အလှူရှင်များကိုယ်စား ကျောင်းအုပ်ဆရာကြီး ဦးသန်းရွှေနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတရေ ဦးအောင်ကြည်မြင့်တို့က ဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးဘတင့်ဆွေထံ ပေးအပ်လှူဒါန်းကြသည်။ **(အောက်ပုံ)**

လှူဒါန်းနိုင်

ရွှေရတုရေစင်ကြီး တည်ဆောက်ရေးအတွက်လည်းကောင်း၊ ရွှေရတု အခမ်းအနားကျင်းပရေးအတွက် လည်းကောင်း အလှူငွေများကို ကျောင်းအုပ်ကြီး ဦးသန်းရွှေ ဖုန်း-၆၉၉၃၈၉၊ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတရေ ဦးအောင်ကြည်မြင့် ဖုန်း-၂၅၂၇၇၇၊ ၀၉၅-၁၉၇၇၇၇၊ ဦးချိုအေး ဖုန်း-၆၉၁၁၂၃၊ ၀၉-၈၀-၂၀၄၀၀၊ ဦးဘတင့်ဆွေ ဖုန်း-၂၉၇၅၁၀၊ ၀၉-၅၀-၁၂၀၆၀ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(ပညာရေး)**

■ ကျော့ဖုံးမှ

မှာကြား

ထို့နောက်တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်က လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် လောက်ကိုင်တပ်နယ်ခန်းမ၌ တပ်နယ်မှ အရာရှိ၊စစ်သည်၊ ရဲမေမိသားစုများနှင့်တွေ့ဆုံကာ စားသောက်ဖွယ်ရာများကို ပေးအပ်ပြီး လောက်ကိုင်မြို့ ဖွံ့ဖြိုးတိုးတက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ပေးအပ်

ထိုမှတစ်ဆင့် ညံခွမ်းတပ်နယ်ခန်းမ၌ တပ်နယ်အရာရှိ၊ စစ်သည်၊ ရဲမေမိသားစုများနှင့် တွေ့ဆုံ အမှာစကားပြောကြားကာ စားသောက်ဖွယ်ရာများကို ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်သည် လောက်ကိုင်-တာရွှေထန်-၁၈ မိုင်-ညံခွမ်း-တာပါး လမ်းတစ်လျှောက် လမ်းအခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သံလွင်တံတား (တာပါး)ကွဲ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မှတ်သားဖွယ်ရာမိုးရေချိန်

၁၄-၉-၂၀၀၉

ပေါင်မြို့	၆ ဒသမ ၆၉ လက်မ
ကျောက်ဆည်	၄ ဒသမ ၆၈ လက်မ
ဘီးလင်း	၄ ဒသမ ၁၃ လက်မ
လားရှိုး	၃ ဒသမ ၂၇ လက်မ
ဇန်းမော်	၃ ဒသမ ၀၄ လက်မ
ချောင်းဆုံ	၂ ဒသမ ၄၀ လက်မ
မိုးကုတ်	၂ ဒသမ ၂၁ လက်မ
ပခုက္ကူ	၀ ဒသမ ၅၁ လက်မ

● ကျော့ဖုံးမှ

ပြည်သူလူထုအတွင်း ရောဂါကူးစက်မှု မရှိစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၏ ကမ္ဘာ့လူတုပ်ကွေးရောဂါကာကွယ်ရေး သတိပေးနှိုးဆော်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ကြရန်နှင့် ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက တိုက်တွန်းနှိုးဆော်ထားသည်။ **(သတင်းစဉ်)**

ဒို့ကျေးရွာဂျာနယ် အတွဲ(၆)၊ အမှတ်(၁၈) ထွက်ပြီ

ရန်ကုန် စက်တင်ဘာ ၁၄

ကန်ရာသီ၊ တော်သလင်းလ၏ ရင်းမာပန်းရနံ့များနှင့်အတူ ကျေးလက်နေပြည်သူတို့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် ဗဟုသုတ အဖြာဖြာတို့ကို စုံလင်စွာဖော်ပြပေး နေသော ဒို့ကျေးရွာဂျာနယ် အတွဲ(၆)၊ အမှတ်(၁၈)ကို (ယနေ့) ထုတ်ဝေလိုက်ပြီဖြစ်သည်။ **(ယာပုံ)**

ယခုအပတ် ဒို့ကျေးရွာဂျာနယ်တွင် အရည်အသွေးမီ အဆင့်မြင့် ကျွဲကောသီး ရရှိစေရန်၊ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးနဲ့ စီးပွားတိုးစေမယ့် ရဲယိုထုတ်ကုန်၊ ဈေးကွက်ဝင်အချိန်ကိုက် ကြက်သွန်နီစိုက်၊ သက်ကြီးစကားသက်ငယ်ကြား ကြွက်ရန်ဆီးတား နှစ်သီးစား၊ စားကြမယ် မန်ကျည်းချိုချို စသည့်စိုက်ပျိုးရေးဆောင်းပါးများ၊ မြန်မာတောင်သူတို့နှင့် နွားမွေးမြူခြင်း၊ သိုးတစ်နိုင်မွေးမြူ၍ အမြတ်အစွန်းယူပါ၊ မွေးမြူရေးဆိုင်ရာ စီမံခန့်ခွဲမှုနှင့် အမြတ်အစွန်းစသည့် မွေးမြူရေးဆောင်းပါးများ၊ လူတိုင်းအတွက် လိုအပ်သည့်နွားနို့၊ တွဲဖက်စားသုံးသင့်သော ရာသီစာဟင်းတစ်ခွက်၊ ဆေးဖက်ဝင် ဇီရာပင်၊ ကြိုတင်ကာကွယ်ပါ အသည်းကင်ဆာရောဂါ စသည့်ကျန်းမာရေး ဆောင်းပါးများ၊ အလှသတင်းမွှေးတဲ့ မြန်မာ့အင်းလေး၊ ကောင်းမြတ်တဲ့အစဉ်အလာကို ထူထောင်ချင်တဲ့သူဟာ ကောင်းသည်ထက်ကောင်းအောင် အမြဲကြိုးစားနေရတယ်၊ နိုင်ငံသစ်ကို မျှော်မှန်းကြို၊ ယခင်နှင့်မတူ ဖွံ့ဖြိုးစည်ပင်လာသော တနင်္သာရီတိုင်း စသည့်အသိပညာပေး သုတ၊ ရသဆောင်းပါးများ၊ တရုတ်နိုင်ငံ ရထားလမ်းအသစ်များကို တိုးတက်ဖောက်လုပ်၊ ဆန်စပါးတန်ချိန် ၄ ဒသမ ၁ ဘီလီယံကျော် ဗီယက်နမ်တင်ပို့ရောင်းချပြီးဖြစ်၊ နီပေါနိုင်ငံအကြောင်း သိကောင်းစရာ၊ အမေရိကန်၏ စီးပွားရေး အကျပ်အတည်း ပြန်နာလန်ထူဟု အမေရိကန်ဘဏ်ပြောကြား၊ အရှေ့တောင်အာရှနိုင်ငံများ စီးပွားရေးအသိုက်အဝန်းတစ်ခု တည်ထောင်ရန် စီစဉ်လျက်ရှိ စသည့် နိုင်ငံတကာသတင်းများ၊ အားကစားသတင်းများနှင့် မြန်မာသံဖြင့် ရိုးသားစွာ ကြိုးစားနေတဲ့ အဆိုတော် ဗညားဟန်နှင့်တွေ့ဆုံခြင်း၊ ညောင်ပင်တစ္ဆေ ဝေလေလေ အခန်းဆက်ဝတ္ထုရှည်တို့အပြင် ကဗျာ၊ ဟာသ၊ ကာတွန်း၊ ဗေဒင်၊ မြန်မာဗီဒီယိုဇာတ်လမ်းများနှင့် သတင်းအတိုအထွာများကို စုံလင်စွာ ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်စောင်လျှင် ကျပ်၂၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

ဒို့ကျေးရွာ ဂျာနယ်အတွက် စာမူနှင့်ကြော်ငြာများကို အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၁၉၃၆၊ ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်သည်။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံအထက်ပိုင်းဒေသများ၌ ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နေ

ရန်ကုန် စက်တင်ဘာ ၁၄

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်၊စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲ၊ချင်းပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ မွန်ပြည်နယ်တွင်ဒေသအလိုက်နှင့် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းတို့၌ နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့် ရှိနေသည်။

စက်တင်ဘာ ၁၅ရက် ညနေအထိခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်နှင့်ကျန်ဒေသများတွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်

ရန်ကုန် စက်တင်ဘာ ၁၄

‘ဓာတုဆိုးဆေးပါ ငါးပိထောင်းဘူးရောင်းသည့်ဆိုင် နှစ်ပတ်တိတိအရေးယူခံရပြီးနောက် ပြန်လည်ဖွင့်လှစ်’ သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)၊ အမှတ်စဉ်(၉၄)ကို ယနေ့ဖြန့်ချိလိုက်သည်။

တကောင်းဒေသ နီကယ်ထုတ်လုပ်ရေးစခန်းသို့ စက်ယန္တရားများ စတင်ပေးပို့၊ လူပွဲစားများရဲ့လောဘ အတောသတ်ကြပါ့မလား၊ မြန်မာနိုင်ငံ၏အဝတ်အထည်များကို ပို့ကုန်အရည်အသွေးတိုးမြှင့်ရန် ဂျပန်နိုင်ငံ၏ဂျက်ထရိုကုန်သွယ်ရေးနှင့်ဆက်သွယ်၊ မီတာဖြင့်ပြေးဆွဲသည်ဆိုသော တက္ကစီများ၊ နိုင်ငံတကာပဲဈေးကွက်ဝယ်လိုအား မြင့်တက်၊ မြို့နယ်အသီးသီးတွင် ဖော်စပ်ရောင်းချနေသောတိုင်းရင်းဆေးများ (FDA) က နယ်လှည့်ပြီး စစ်ဆေး၊ နာမည်ကြီးIC မလေးရှားကိုသွားမည်၊ လပွတ္တာမြို့တွင် ရေကြီးခဲ့ခြင်းများ ပြန်လည်ကျဆင်း၊ မျိုးသုဉ်းပျောက်ကွယ်သွားပြီဟုယူဆသည့် ကမ္ဘာ့အရှားဆုံး လိပ်မျိုးစိတ် မြန်မာနိုင်ငံတွင်တွေ့ရှိ၊ UNDPမှ လောင်စာချွေတာ ရွှံ့မီးဖိုအလုံး၅၀၀ တင်ဒါခေါ်၊ နိုင်ငံခြားသားအလုပ်သမားများကို ကန့်သတ်ခြင်းကြောင့် ထိခိုက်နေသည့်စင်ကာပူနိုင်ငံ၏ ဝန်ဆောင်မှုကဏ္ဍ၊ ရေသန့်ဘူးများတွင် ရောဂါပိုးပါဝင်မှုရှိ/မရှိ စစ်ဆေးလျက်ရှိ၊ နိုင်ငံခြား ကုမ္ပဏီ၂၀က မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ရှိ အရည်အချင်းပြည့်ကျောင်းသားများကို လာရောက်ရွေးချယ်၊ စားသောက်ဆိုင်နှင့် ကျောင်းရှိစားသောက်ဆိုင်များတွင် အောက်တိုဘာလဆန်းပိုင်းမှစ၍ စစ်ဆေးတော့မည်၊ ရေအရင်းအမြစ်နှင့် မြစ်ကြောင်းဖွံ့ဖြိုးရေးဦးစီးဌာနမှ အကြီးဆုံးသောင်တူးစက်ဖြင့် ဇန်းမော်ရေကြောင်းလမ်းကို တူးဖော်လျက်ရှိ၊ ဆီတင်တွဲများရောက်ရှိလာပြီဖြစ်၍ ဒီဇယ်ဈေးပြန်လည်ကျဆင်း၊ CDCအတုဝယ်ယူ၍ သင်္ဘောတက်ခြင်းအတွက် ထိုင်းနိုင်ငံ ဇန်ကောက်မြို့တွင် ပိုမိုတာဝန်ရှိဟုဆို၊ East Wind သင်္ဘောပေါ်ရှိ မြန်မာသင်္ဘောသားများ မြန်မာနိုင်ငံသို့ ပြန်လာကြမည်၊ ဝိုင်းစုခိုင်သိန်းနှင့်တွေ့ဆုံခြင်း၊ ထည်ဝါခမ်းနားမှုတွေနဲ့တင်ဆက်ခဲ့ကြသော Park Royal Wedding Fair 2009၊ ပူတင်က အီရန်ကို များမကြာမီ စစ်ရေးအရ တိုက်ခိုက်လာနိုင်ကြောင်းသတိပေး၊ ဘာသာရေးအစွန်းရောက် လေယာဉ်ပြန်ပေးသမား လေယာဉ်ကိုဖုံးခွဲမည်ဟုခြိမ်းခြောက်ခဲ့၊ အီရန်ကိုတိုက်ပါက ကမ္ဘာကြီး ပျက်သုဉ်းဖွယ်ရှိကြောင်း ပြင်သစ်ဗိုလ်ချုပ်တစ်ဦးပြောကြား စသည့်နောက်ဆုံးရ ပြည်တွင်း ပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ်အင်္ဂါနေ့တိုင်း ထုတ်ဝေလိုက်ပြီဖြစ်သည်။ **(သတင်းစဉ်)**

ဂြိုဟ်တုလွှတ်တင်ရေးစခန်း တရုတ်၌ ထပ်မံတည်ဆောက်

ဝမ်ချောင်း စက်တင်ဘာ ၁၄

တရုတ်နိုင်ငံ ဟိုင်နန်ပြည်နယ် ဝမ်ချောင်းမြို့တွင် အာကာသသို့ဂြိုဟ်တုလွှတ်တင်ရေးစခန်းသစ်တစ်ခုကို စက်တင်ဘာ ၁၄ ရက်က ထပ်မံတည်ဆောက်နေပြီဖြစ်သည်။

တည်ဆောက်

ဟိုင်နန် ဂြိုဟ်တုလွှတ်တင်ရေး စခန်းမှာ တရုတ်နိုင်ငံ၏ စတုတ္ထမြောက် အာကာသ စင်တာတစ်ခုဖြစ်ကာ ၂၀၁၃ ခုနှစ်တွင်ပြီးစီးမည်ဟု ခန့်မှန်းထားကြောင်း ဟိုင်နန်အာကာသစင်တာ တည်ဆောက်ရေး ဗဟိုအဖွဲ့က ပြောကြားသည်။

(အင်တာနက်)

တရုတ်နိုင်ငံ ကျန်စုပြည်နယ် နန်ကျင်းမြို့၌ နဂါးလှေပြိုင်ပွဲကျင်းပနေသည်ကို စက်တင်ဘာ၁၄ရက်က တွေ့ရစဉ်။

(ယင်း လှေပြိုင်ပွဲတွင် ပြိုင်ပွဲဝင်နဂါးလှေအဖွဲ့ ၂၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။) (အင်တာနက်ဓာတ်ပုံ)

တောင်ကိုရီးယား၌ A(H1N1)ဖြင့် ခုနစ်ဦးမြောက်သေဆုံး

ဆိုးလ် စက်တင်ဘာ ၁၄

တောင်ကိုရီးယား၌ A(H1N1)တုပ်ကွေးရောဂါဖြင့် တစ်ဦးထပ်မံသေဆုံးကြောင်း စက်တင်ဘာ ၁၃ရက်တွင် တောင်ကိုရီးယား ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ခံစားနေရ

ယင်းသေဆုံးသူသည် အသက် ၇၈နှစ်ရှိ အမျိုးသမီးကြီးတစ်ဦးဖြစ်ပြီး သူမတွင် သွေးတိုးရောဂါနှင့် အဆုတ်ရောင်ရောဂါကို ကာလရှည်ကြာစွာခံစားနေရသည့် ဝေဒနာရှင် ဖြစ်သည်။

တောင်ကိုရီးယား၌A(H1N1)တုပ်ကွေးရောဂါ ခံစားနေရသူပေါင်း ၇၅၇၇ဦး ရှိလာပြီး ယခုသေဆုံးမှုမှာ ခုနစ်ဦးမြောက်ဖြစ်ကြောင်း အဆိုပါသတင်း၌ဖော်ပြသည်။

(အင်တာနက်)

ဗီယက်နမ်၌ A(H1N1)ဖြင့် တစ်ဦးထပ်မံသေဆုံး

ဟနွိုင်း စက်တင်ဘာ ၁၄

ဗီယက်နမ်နိုင်ငံ၌ အသက် ၁၉ နှစ်အရွယ် အမျိုးသမီးငယ်တစ်ဦးသည် A(H1N1) တုပ်ကွေးရောဂါဖြင့် စက်တင်ဘာ ၁၃ ရက်က သေဆုံးခဲ့ရာ နိုင်ငံတစ်ဝန်း၌ ယင်းရောဂါဖြင့် သေဆုံးသူပေါင်း ခြောက်ဦးရှိသွားပြီဖြစ်သည်။

ကုသမှုခံယူ

၎င်းသေဆုံးသူ အမျိုးသမီးငယ်မှာ ဘန်ထရီပြည်နယ် မဲခေါင်ရေလက်ကြားဒေသရှိ ဆေးရုံ၌ ကုသမှုခံယူစဉ် သေဆုံးခဲ့ခြင်းဖြစ်သည်။

ဗီယက်နမ်နိုင်ငံတစ်ဝန်း၌ A(H1N1) ရောဂါဝေဒနာသည်ပေါင်း ၄၆၆၄ဦးရှိသည်။

(အင်တာနက်)

ဆီးရီးယားနိုင်ငံ၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ယခုနှစ်ပထမရှစ်လအတွင်း မြင့်တက်လျက်ရှိ

ဒမတ်စကက် စက်တင်ဘာ ၁၄

ဆီးရီးယားနိုင်ငံ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းသည် ယခုနှစ်ပထမရှစ်လအတွင်း ခရီးသည်လေးသန်းရောက်ရှိပြီး ယခင်နှစ် အလားတူကာလကထက် စရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း စက်တင်ဘာ ၁၃ ရက်က ဆီးရီးယား ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဝန်ကြီး ဌာန၏ စာရင်းဇယားများကို ကိုးကားလျက် ပြည်နယ်နယူးစ်အေဂျင်စီက သတင်းထုတ်ပြန်သည်။

ကမ္ဘာ့နိုင်ငံတစ်ဝန်း၌ စီးပွားရေး အကျပ်အတည်းများနှင့် ကြုံတွေ့နေရ သော်လည်း ဆီးရီးယားနိုင်ငံ၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမှာ တိုးမြင့်လျက်ရှိသည်။

မျှော်မှန်းထား

ဆီးရီးယားနိုင်ငံ၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းသည် ၂၀၀၈ခုနှစ် နှောင်းပိုင်း ကာလမှစတင်အရှိန်မြှင့်တင် ဆောင်ရွက်ခဲ့ရာ အရှေ့အလယ်ပိုင်းဒေသများမှ ခရီးသည်အများဆုံး ရောက်ရှိခဲ့ပြီး ၎င်းနိုင်ငံအနေဖြင့် အာရှနိုင်ငံများနှင့် ဥရောပနိုင်ငံများမှ ခရီးသည်များစွာတို့ ရောက်ရှိရေးကို မျှော်မှန်းထားလျက်ရှိကြောင်း အဆိုပါ သတင်း၌ ဖော်ပြသည်။

(အင်တာနက်)

ကားပြပွဲ

ဂျာမနီနိုင်ငံ ဖရန့်ဖွတ်မြို့၌ ကျင်းပသည့် နိုင်ငံတကာ ကားပြပွဲတွင် ဝင်ရောက်ပြသမည့် ပြင်သစ်နိုင်ငံလုပ်ကားတစ်စီးကို စက်တင်ဘာ ၁၄ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ကမ္ဘာ့လေကြောင်းစွမ်းရည်ပြပွဲ

ပေါ်တူဂီနိုင်ငံ ပေါ်တိုမြို့၌ ကျင်းပသည့် ကမ္ဘာ့လေကြောင်းစွမ်းရည်ပြပွဲကို စက်တင်ဘာ ၁၄ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ပါကစ္စတန် ခိုင်ဘာဒေသ၌ ဗုံးခွဲတိုက်ခိုက်

အစ္စလမ္မာဘတ် စက်တင်ဘာ ၁၄

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ခိုင်ဘာဒေသ၌ ဗုံးဖောက်ခွဲတိုက်ခိုက်သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး လေးဦးပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ကြောင်း၊ ယင်းဖောက်ခွဲမှုသည် အကြမ်းဖက်သမားများက အဝေးထိန်းစက်ခလုတ်ဖြင့် ဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း စက်တင်ဘာ ၁၃ရက်တွင် ပါကစ္စတန် အသံလွှင့်ဌာနက သတင်းထုတ်လွှင့်သည်။

ထိုးစစ်ဆင်

ယင်းသို့ဖောက်ခွဲတိုက်ခိုက်မှုကြောင့် ဒေသခံအိမ်များ ပျက်စီးခဲ့ပြီးနောက် ပါကစ္စတန်တပ်ဖွဲ့က ပြန်လည်ထိုးစစ်ဆင် တိုက်ခိုက်ခဲ့သည်။

သေဆုံး

ယခုလ အစောပိုင်းက ခိုင်ဘာဒေသတွင် စစ်သွေးကြွများ၏ အသေခံဗုံးဖောက်ခွဲမှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် ၂၀ခန့် သေဆုံးခဲ့ရပြီး ယင်းဒေသတွင် တပ်ဖွဲ့ဝင်များက ပြန်လည်၍ စစ်ဆင်ရေးတစ်ရပ်ဆင်နွှဲရာ ရာပေါင်းများစွာသော စစ်သွေးကြွများ သေဆုံးခဲ့ရကြောင်း ဒေသဆိုင်ရာရုံးအဖွဲ့က ပြောကြားသည်။ (အင်တာနက်)

ကားဗုံးပေါက်ကွဲ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ ဘတ်အယ်လ်-မူအာဇမ်ဒေသတွင် ကားဗုံး ပေါက်ကွဲမှုဖြစ်ပွားသဖြင့် မီးခိုးလုံးများ ထွက်ပေါ်လာသည်ကို စက်တင်ဘာ ၁၄ ရက်က တွေ့ရစဉ်။(အဆိုပါ ဗုံးပေါက်ကွဲမှု ဖြစ်စဉ်တွင် သုံးဦးသေဆုံးခဲ့ကြောင်း သိရသည်။)

(အင်တာနက်ဓာတ်ပုံ)



တောင်ကိုရီးယားနှင့် အီတလီကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်

ဆိုးလ် စက်တင်ဘာ ၁၄

တောင်ကိုရီးယားအစိုးရနှင့် အီတလီအစိုးရတို့သည် နှစ်နိုင်ငံအပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်သွားရန် သဘောတူညီခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

နှစ်နိုင်ငံအနေဖြင့် နိုင်ငံရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုအပါအဝင် ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန်ဖလှယ်ရေးကိစ္စရပ်ကို မြှင့်တင်သွားရန် အလည်အပတ်ရောက်ရှိနေသော အီတလီသမ္မတ ဂီအော်ရီနာပိုလီတာနိုနှင့် တွေ့ဆုံဆွေးနွေးစဉ် တောင်ကိုရီးယားသမ္မတ လီမြောင်ဘတ်က တိုက်တွန်းလိုက်သည်။

ပူးပေါင်းရောက်ရှိ

အီတလီသမ္မတသည် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်သို့ စက်တင်ဘာ ၁၃ရက်မှ စတင်၍ လေးရက်ကြာ အလည်အပတ်ရောက်ရှိနေပြီး အီတလီသမ္မတအနေဖြင့် အဆိုပါ ခရီးစဉ်သည် ၁၈၈၄ခုနှစ်နောက်ပိုင်း အီတလီနှင့် တောင်ကိုရီးယားတို့ နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်ခဲ့ပြီးနောက် တောင်ကိုရီးယားနိုင်ငံသို့ ပထမဆုံး အလည်အပတ်ရောက်ရှိခဲ့မှုဖြစ်ကြောင်း သတင်း၌ဖော်ပြသည်။ (အင်တာနက်)

တရုတ်ကားတာယာများအပေါ် အခွန်စည်းကြပ်ရေးကိစ္စ အမေရိကန်ဆုံးဖြတ်ချက် တရုတ်ကန့်ကွက်

ပေကျင်း စက်တင်ဘာ ၁၄

တရုတ်နိုင်ငံမှ တင်သွင်းလာသည့် မော်တော်ကားတာယာများအပေါ် အထူးကိုယ်ကျိုးစီးပွားကာကွယ်ရေး အခွန်အတုတ်များ စည်းကြပ်ရန် စက်တင်ဘာ၁၁ရက်ညက အမေရိကန်၏ဆုံးဖြတ်ချက်ကို အပြင်းအထန် ဆန့်ကျင်ကန့်ကွက်ကြောင်း တရုတ်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ယောင်ကျင်က စက်တင်ဘာ ၁၃ ရက်တွင် ပြောကြားသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ တရုတ်နိုင်ငံက အမေရိကန်နိုင်ငံနှင့် စေ့စပ်ဆွေးနွေးသော်လည်း အမေရိကန်ဘက်က ထိုဆုံးဖြတ်ချက်ကို ကိုင်စွဲထားလျက်ပင်ရှိကြောင်း ၎င်းကပြောကြားသည်။

ချိုးဖောက်

အမေရိကန်နိုင်ငံသည် ယခုကဲ့သို့ ဆုံးဖြတ်ချက်ချခြင်းအားဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို)စည်းမျဉ်း နှင့် အုပ်စု-၂၀(ဂျီ-၂၀)ဘဏ္ဍာရေးထိပ်သီး အစည်းအဝေး၌ ထားခဲ့သော ကတိကဝတ်များကိုပါ အမေရိကန်က ချိုးဖောက်ခြင်းဖြစ်သည်ဟု ၎င်းက ထည့်သွင်းပြောကြားသည်။

အမ်အင်န်အေဆင်ဟွာ

သမိုင်းဝင်သတင်းသုတအဖြာဖြာ သမိုင်းဝင်သတင်းသုတအဖြာဖြာ သမိုင်းဝင်သတင်းသုတအဖြာဖြာ သမိုင်းဝင်သတင်းသုတအဖြာဖြာ သမိုင်းဝင်သတင်းသုတအဖြာဖြာ

➤ စုစည်းတင်ပြသူ - မိုးမြင့်လင်းလက်



ဘာလင်တံတိုင်း

ဒုတိယကမ္ဘာစစ်အပြီး ၁၉၄၅ခုနှစ် မေ ၈ရက်တွင် ဂျာမနီနိုင်ငံ အနောက်ပိုင်းကို အမေရိကန်၊ ဗြိတိန်နှင့်ပြင်သစ်တို့ ခွဲဝေယူခဲ့ကြပြီး ဂျာမနီနိုင်ငံ အရှေ့ပိုင်းကို ဆိုဗီယက်တို့က ရယူခဲ့သည်။ ဘာလင်မြို့ကိုလည်း နှစ်ပိုင်းခွဲခဲ့ပြီး ၁၉၄၈ခုနှစ် ဇွန် ၂၄ရက်တွင် ဘာလင်တံတိုင်းကို စတင်တည်ဆောက်ခဲ့ရာ ၁၉၄၉ခုနှစ် မေ ၁၂ရက်၌ ဘာလင်တံတိုင်း တည်ဆောက်ပြီးစီးခဲ့သည်။ ၁၉၄၉ခုနှစ် မေ ၂၄ရက်တွင် အနောက်ဂျာမနီနိုင်ငံထူထောင်ပြီး ၁၉၄၉ခုနှစ် အောက်တိုဘာ ၇ရက်၌ အရှေ့ဂျာမနီနိုင်ငံထူထောင်ခဲ့သည်။ ၁၉၈၉ခုနှစ် နိုဝင်ဘာ ၉ရက်တွင် ဘာလင်တံတိုင်းကို ဖြိုချခဲ့ပြီး (အပေါ်ပုံ) ၁၉၉၀ ပြည့်နှစ် အောက်တိုဘာ ၃ရက်၌ ဂျာမနီနှစ်နိုင်ငံ ပြန်ပေါင်းစည်းနိုင်ခဲ့သည်။

ဓာတ်ငွေ့သုံး ပထမဆုံးမော်တော်ယာဉ်

ပထမဆုံး သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်ကို ဗြိတိန်နိုင်ငံမှ ရိုဗာ မော်တော်ကား ကုမ္ပဏီက ၁၉၅၀ပြည့်နှစ် မတ် ၈ရက်တွင် စတင်စမ်းသပ် မောင်းနှင်ခဲ့သည်။ ဂျက်လေယာဉ်အင်ဂျင်အမျိုးအစားကို ဒီဇိုင်းပြုထုတ်လုပ်ထားခြင်း ဖြစ်သည်။

အိန္ဒိယနိုင်ငံ၏လွတ်လပ်မှု

အိန္ဒိယနိုင်ငံသည် ဗြိတိသျှတို့ထံမှ ၁၉၄၇ခုနှစ် ဩဂုတ် ၁၅ရက်တွင် အချုပ်အခြာအာဏာကို လွှဲပြောင်းရယူခဲ့သည်။ လွတ်လပ်သည့် အိန္ဒိယပြည်သူ့သမ္မတနိုင်ငံအဖြစ် ၁၉၅၀ပြည့်နှစ် ဇန်နဝါရီ ၂၆ရက်တွင် တရားဝင် ရပ်တည်နိုင်ခဲ့သည်။ အိန္ဒိယနိုင်ငံသည် ဗြိတိသျှကိုလိုနီဘဝဖြင့် နှစ်ပေါင်း ၁၀၀ခန့် နေထိုင်ခဲ့ရသည်။

ကမ္ဘာကျော်တိုင်တန်းနစ်သင်္ဘောနစ်မြုပ်မှု

ဗြိတိန်နိုင်ငံ ဆောက်သမ်ပတန်မြို့မှ ၁၉၁၂ခုနှစ် ဧပြီ ၁၀ရက်က စတင်ခုတ်မောင်းလာသော ခရီးသည်နှင့် သင်္ဘောအမှုထမ်း ၂၂၀၀တင်ဆောင်ထားသည့် တိုင်တန်းနစ် အပျော်စီး ဇိမ်ခံသင်္ဘောကြီးသည် ဧပြီ ၁၄ရက်တွင် ကြီးမားသော ရေခဲတုံးကြီးနှင့် တိုက်မိပြီး နစ်မြုပ်ခဲ့ရာ ခရီးသည် ၁၅၀၀သေဆုံးကာ ၇၀၀ကို ကယ်ဆယ်နိုင်ခဲ့သည်။ (အောက်ပုံ)



ကမ္ဘာ့ပထမဆုံး နျူကလီးယားစက်ရုံ

ကမ္ဘာ့ပထမဆုံး နျူကလီးယားစွမ်းအင်စက်ရုံကို ရုရှားနိုင်ငံ မော်စကိုမြို့ပြင်ရှိ ဘိုဘင့်အရပ်၌ ၁၉၅၄ခုနှစ် ဇွန် ၂၇ရက်တွင် စတင်ဖွင့်လှစ်ခဲ့သည်။ ယင်းစက်ရုံသည် ကမ္ဘာမြေပေါ်၌ ပထမဆုံးတည်ဆောက်ထားသော နျူကလီးယားစက်ရုံပင်ဖြစ်သည်။

လပေါ်သို့ ခြေချနိုင်သည့် ပထမဆုံးလူသား

အမေရိကန်နိုင်ငံသား နီးလ်အမ်းစထရောင်းသည် ၁၉၆၉ခုနှစ် ဇူလိုင် ၂၀ ရက်တွင် လမျက်နှာပြင်ပေါ်၌ မိနစ် ၂၀ခန့်အကြာ လမ်းလျှောက်နိုင်ခဲ့သဖြင့် လမျက်နှာပြင်ပေါ်တွင် ပထမဆုံးခြေချနိုင်သည့် လူသားဖြစ်ခဲ့သည်။ နီးလ်အမ်းစထရောင်းသည် အမေရိကန်နိုင်ငံ ကနေဒီအာကာသယာဉ်စခန်းမှ ၁၉၆၉ခုနှစ် ဇူလိုင် ၁၆ရက်က လွှတ်တင်ခဲ့သော အပိုလို-၁၁ အာကာသယာဉ်ဖြင့် လိုက်ပါသွားခဲ့ခြင်းဖြစ်သည်။

အာကာသသို့ ပထမဆုံး ရောက်ရှိခဲ့သည့် လူသား ဂါဂါရင်

အာကာသအတွင်း ပထမဆုံးရောက်ရှိခဲ့သည့် လူသားမှာ ဆိုဗီယက်နိုင်ငံသား ဂါဂါရင် ဖြစ်သည်။ ဆိုဗီယက်လေတပ်မှ လေယာဉ်မှူးဖြစ်ပြီး ဗိုလ်မှူးကြီးအဆင့်ရှိသူ ဖြစ်သည်။ ဆိုဗီယက်လုပ် ဗိုစတော့-၁ အာကာသဒုံးပျံယာဉ်ဖြင့် ၁၉၆၁ ခုနှစ် ဧပြီ ၁၂ရက်၌ အာကာသသို့ စတင်ရောက်ရှိခဲ့သူဖြစ်သည်။ အာကာသအတွင်း ၁နာရီ ၄၈မိနစ်ကြာ နေထိုင်ခဲ့သည်။ ဂါဂါရင်သည် ၁၉၃၄ခုနှစ် မတ် ၉ရက်တွင် မွေးဖွားခဲ့သူဖြစ်ပြီး ၁၉၆၈ခုနှစ် မတ် ၂၇ရက်တွင် လေ့ကျင့်ပျံသန်းမှုတစ်ရပ်၌ လေယာဉ်ပျက်ကျ ကွယ်လွန်ခဲ့သည်။

စကြဝဠာရှိ အကြီးဆုံးဂျူပီတာဂြိုဟ်

စကြဝဠာအဖွဲ့အစည်းရှိ ဂြိုဟ်ကြီးများအနက် ဂျူပီတာဂြိုဟ်သည် အခြားဂြိုဟ်များထက် ၂ဒသမ ၅ဆခန့် အရွယ်အစားကြီးမားပြီး ကမ္ဘာဂြိုဟ်ထက် ၃၁၇ဆ ကြီးမားသည်။ ဂျူပီတာဂြိုဟ်၏အချင်းမှာ ၁၄၂၉၈၄ကီလိုမီတာရှိရာ အကြီးဆုံးဂြိုဟ်ပင် ဖြစ်သည်။ (အောက်ပုံ)



နောက်ဆုံးရ နိုင်ငံတကာသတင်းများ

တိုး - စုစည်းတင်ပြသည်

ကုလသမဂ္ဂအစည်းအဝေးနှင့် ဂျီ-၂၀ အစည်းအဝေး တရုတ်သမ္မတဟူကျင်တောင် တက်ရောက်မည်

တရုတ်သမ္မတဟူကျင်တောင်သည် စက်တင်ဘာ ၂၁ရက်မှ ၂၅ရက်အထိ ကုလသမဂ္ဂအစည်းအဝေးများနှင့် အမေရိကန်နိုင်ငံ ပစ္စဘတ်မြို့မှ အုပ်စု-၂၀(ဂျီ-၂၀) ဘဏ္ဍာရေးထိပ်သီးအစည်းအဝေးများသို့ တက်ရောက်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက စက်တင်ဘာ ၁၄ရက်တွင် ကြေညာသည်။

ရဟူဒီရပ်ကွက်တည်ဆောက်မှု အပြီးရပ်စဲမည်မဟုတ်

အစ္စရေးနိုင်ငံအနေဖြင့် ရဟူဒီအခြေချလူနေအိမ်ရပ်ကွက် တည်ဆောက်မှုကို အပြီးအပိုင်ရပ်စဲသွားမည်မဟုတ်ကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ပြောကြားလိုက်သည်။

တရုတ်အနောက်မြောက်ပိုင်း၌မြေပြိုမှု သုံးဦးသေဆုံး

တရုတ်ပြည်အနောက်မြောက်ပိုင်း ကန်စုပြည်နယ် မြို့တော်လန်ကျောင်းတွင် စက်တင်ဘာ ၁၄ရက် နံနက်က မြေပြိုသဖြင့် လူသုံးဦး သေဆုံးကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။ (အောက်ပုံ)

မူးယစ်ဆေးဝါး ကီလို ၁၅၀၀ အာဖဂန်မီးရှို့ဖျက်ဆီး

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း နန်ဂါဟာပြည်နယ်တွင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အစီအစဉ်အရ မူးယစ်ဆေးဝါးကီလို၁၅၀၀ကို စက်တင်ဘာ ၁၄ရက်က မီးရှို့ဖျက်ဆီးခဲ့ကြောင်း အာဖဂန်နစ္စတန်ပြည်ထဲရေးဝန်ကြီးဌာနက ကြေညာသည်။ (အပေါ်ပုံ)

စစ်သွေးကြွ ၁၆ ဦးအား ပါကစ္စတန်တပ်ဖွဲ့ချေမှုန်း

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းဒေသအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ စစ်ဆင်ရာတွင် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ပါကစ္စတန် လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်သွေးကြွ ၁၆ ဦးကို ချေမှုန်းပြီး သုံးဦးကို ဖမ်းဆီးလိုက်ကြောင်း ပါကစ္စတန် စစ်ဘက်က ကြေညာသည်။

နိုင်ဂျီးရီးယားစစ်သွေးကြွ ၁၅ ဦးအညံ့ခံ

နိုင်ဂျီးရီးယားနိုင်ငံအရှေ့တောင်ပိုင်း အက်ဝါနိုင်ဘွန်းပြည်နယ် အာဏာပိုင်များထံ စစ်သွေးကြွ အနည်းဆုံး ၁၅ ဦးတို့က လက်နက်ချအညံ့ခံလာကြောင်း နိုင်ဂျီးရီးယားသတင်းဌာနက စက်တင်ဘာ ၁၄ရက်တွင် ကြေညာသည်။

ဩစတြေးလျ၌ အင်တာနက်သုံးစွဲသူမြင့်တက်လာ

ဩစတြေးလျနိုင်ငံ၌ မိုဘိုင်းလ်ဝိုင်ယာလက် အင်တာနက်သုံးစွဲသူ ဦးရေမှာ ၂၀၀၈ခုနှစ် ဒီဇင်ဘာလက ၁ဒသမ ၃သန်း ရှိရာမှ ယခုနှစ် ဇွန်လတွင် နှစ်သန်းအထိ မြင့်တက်လာကြောင်း ဩစတြေးလျ စာရင်းအင်းဌာနက စက်တင်ဘာ ၁၄ရက်၌ ကြေညာသည်။

အစ္စရေးအား ဒုံးကျည်ဖြင့်ပစ်မှု ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ရှုတ်ချ

လက်ဘနွန်နိုင်ငံတောင်ပိုင်းမှ အစ္စရေးနိုင်ငံအတွင်းသို့ ဒုံးကျည်ဖြင့် နှစ်ကြိမ် ပစ်ခတ်ခဲ့မှုကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၌ ဘန်ကီမွန်းက ယမန်နေ့၌ ပြစ်တင်ရှုတ်ချလိုက်သည်။

A(H1N1) ကာကွယ်ရေးညီလာခံ အိမ်ရှင်အဖြစ် ဗီယက်နမ် လက်ခံကျင်းပ

ဗီယက်နမ်နိုင်ငံက A(H1N1) တုပ်ကွေးရောဂါ ကာကွယ်တိုက်ဖျက်ရေး ကိုးနိုင်ငံတက်ရောက်သည့် ခြောက်ရက်ကြာ ညီလာခံကို အိမ်ရှင်အဖြစ် စက်တင်ဘာ ၁၄ရက်က လက်ခံကျင်းပခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။

ယူနက်စကို၏ကမ္ဘာ့အမွေအနှစ် ထိန်းသိမ်းရေးစာရင်း ပါကစ္စတန် ၁၀နေရာ ထည့်သွင်းမည့်အလားအလာရှိ

ကုလသမဂ္ဂ ယူနက်စကိုအဖွဲ့၏ ကမ္ဘာ့အမွေအနှစ်များ ထိန်းသိမ်းရေးစာရင်း၌ ပါကစ္စတန်နိုင်ငံမှ နောက်ထပ် ၁၀နေရာ ထည့်သွင်းမည့် အလားအလာ ရှိနေကြောင်း ပါကစ္စတန်နိုင်ငံထုတ် ဒွန်းသတင်းစာက စက်တင်ဘာ ၁၄ရက်၌ ရေးသားဖော်ပြသည်။ (အောက်ပုံ)



နိုင်ငံတော်၏ မူဝါဒ၊ ရည်မှန်းချက်များကို မျက်ခြည်မပြတ်လေ့လာ နိုင်ငံတော်တည်ရှိနေသရွေ့ ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ထား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပန်းတောင်းမြို့နယ် ဧရာဝတီမြစ်အနောက်ဘက်ကမ်း သစ်ဆိမ့်ပင်ကျေးရွာ၌ (၂၃၀)ကေဗွီ ရွှေတောင်-ဥသျှစ်ပင် မဟာဓာတ်အားလိုင်း ဧရာဝတီမြစ်ကျော် တာဝါတိုင်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



* ရှေ့ဖုံးမှ

ဗိုလ်မှူးချုပ်စိန်မြင့်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ စက်တင်ဘာ ၁၃ရက် နံနက်ပိုင်းတွင် နယ်မြေခံတပ်နယ်ညွှန့်ရှိပ်သာ၌ ပြည်ခရိုင်နှင့် ခရိုင်အတွင်းရှိ ပြည်၊ ပေါက်ခေါင်း၊ ပန်းတောင်း၊ သဲကုန်း၊ ရွှေတောင်နှင့် ပေါင်းတည်မြို့နယ်တို့မှ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့်တွေ့ဆုံ၍ ဒေသအခြေအနေများကိုဆွေးနွေးမေးမြန်းပြီး အမှာစကားပြောကြားရာတွင် အဆင့်ဆင့်သော အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အဖွဲ့အစည်းများသည် နိုင်ငံတော်၏ မူဝါဒ၊ ရည်မှန်းချက်များကို မျက်ခြည်မပြတ် လေ့လာသိရှိနေရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်တည်ရှိနေသရွေ့ ထာဝရမှန်ကန်နေသည့် မူဝါဒဖြစ်သော ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ထား၍ နိုင်ငံတော်၏ ရည်မှန်းချက် ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ပေါ်လာရေးအတွက် ကြိုးပမ်းတည်ဆောက်သွားကြရမည်ဖြစ်ကြောင်း၊ ဤသို့ကြိုးပမ်းတည်ဆောက်ရာတွင် တရားဥပဒေစိုးမိုးမှုရှိနေရေးသည် အရေးကြီးကြောင်း၊ နိုင်ငံတော်အတွက် အရေးကြီးသည့် ယခုကဲ့သို့အချိန်ကာလမျိုးတွင် အဖျက်အမှောင့်၊ အနှောင့်အယှက်လုပ်ရပ်များ ဝင်ရောက်မလာနိုင်စေရေးအတွက် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

အထောက်အကူပြု

ယင်းသို့ဆောင်ရွက်ရာတွင် မြို့ပြအုပ်ချုပ်ရေးစွမ်းရည် မြင့်မားရေးသည် အဓိကကျသောအချက်ဖြစ်၍ မြို့ပြအုပ်ချုပ်ရေးစွမ်းရည် မြင့်မားလာသည်နှင့်အမျှ နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း။

သို့ဖြစ်၍ မြို့ပြအုပ်ချုပ်ရေးစွမ်းရည် တိုးတက်မြင့်မားလာစေရေးနှင့် တရားဥပဒေစိုးမိုးမှု ခိုင်မာအားကောင်းလာစေရေးတို့အတွက် အခြေခံအကျဆုံးဖြစ်သော ရပ်ကွက်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၏ စွမ်းအားကို ရယူဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

မှာကြားဖြည့်ဆည်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဧရာဝတီမြစ်ကူး နဝဒေးတံတားကို ဖြတ်သန်းကြည့်ရှု၍ ပန်းတောင်းမြို့နယ် ဧရာဝတီမြစ် အနောက်ဘက်ကမ်း သစ်ဆိမ့်ပင်ကျေးရွာ၌ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်း(တောင်ပိုင်း)က ဆောင်ရွက်လျက်ရှိသည့် (၂၃၀)ကေဗွီ ရွှေတောင်-ဥသျှစ်ပင် မဟာဓာတ်အားလိုင်း ဧရာဝတီမြစ်ကျော် တာဝါတိုင်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးရာ နိုင်ငံတော်ဝန်ကြီးချုပ်အား အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် တာဝန်ရှိသူများက ပြည်ဘက်ကမ်း မင်းကြီးတောင်နှင့် ပန်းတောင်းဘက်ကမ်း သစ်ဆိမ့်ပင်ကျေးရွာတို့တွင် ဧရာဝတီမြစ်ကျော်(ပြည်) တာဝါတိုင်များ တပ်ဆင်နေမှုနှင့် မဟာဓာတ်အားလိုင်း ဆက်လက်သွယ်တန်းသွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုအားပေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပေါင်းတည်မြို့နယ် ညောင်ဇင်ကျေးရွာအနီး မိုးစပါးစိုက်ခင်း၌ကျင်းပသည့် မိုးစပါးပေါင်းလိုက်၊ တမန်းနှိုး၊ မြေဩဇာကြဲပက်ပွဲတွင် မိုးစပါးစိုက်ခင်းများအတွင်း မိုးစပါးစုပေါင်းကြဲပက်နေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်သည် ပြည်ခရိုင် ပေါင်းတည်မြို့နယ် ညောင်ဇင်ကျေးရွာအနီးရှိ မိုးစပါးစိုက်ခင်း၌ကျင်းပသည့် မိုးစပါးပေါင်းလိုက်၊ တမန်းနှိုး၊ မြေဩဇာကြဲပက်ပွဲသို့ရောက်ရှိရာ ပဲခူးတိုင်း (အနောက်ပိုင်း) မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ

စာမျက်နှာ ၇ ကော်လံ ၁

ပြည်-ပေါက်ခေါင်း-တောင်ငူ-နေပြည်တော် ရထားလမ်း ပြည်-ပေါက်ခေါင်းလမ်းအပိုင်းတွင် စက်ယန္တရားများဖြင့် မြေကြီးလုပ်ငန်းဆောင်ရွက်နေမှုကို တွေ့ရစဉ်။ (သတင်းဖော်ပြပြီး) (သတင်းစဉ်)

15-9 (06).pmd 1 9/14/2009, 3:00 PM

လျာထားစိုက်ဧက ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ရေး ရေပေးဝေရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ကြ

စာမျက်နှာ ၆မှ

ဦးတင့်လွင်က စပါးစိုက်ခင်းများတွင် အသုံးပြုသော မြေဩဇာများ၊ ပေါင်းတည်မြို့နယ်တွင် အများဆုံး စိုက်ပျိုးသော စပါးမျိုးများနှင့် စပါးခင်းများတွင် ပေါက်ရောက်လေ့ရှိသော ပေါင်းပင်များကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုအားပေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ညောင်ဇင်၊ ကြူတောကန်၊ နတ်ပုတီး၊ ဗျက်ကြီး၊ ထန်းသုံးခွ၊ တောင်ဘို့လှနှင့် သပြေကုန်း ကျေးရွာတို့မှ ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး အမှာစကား ပြောကြားကာ မိုးစပါးစိုက်ခင်းများအတွင်း မြေဩဇာ စုပေါင်းကြဲပက်နေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ရန်ကုန်-ပြည် ကားလမ်းအတိုင်း ဆက်လက်ထွက်ခွာလာပြီး လမ်းဘေးဝဲ/ယာ၌ အောင်မြင်ဖြစ်ထွန်းနေသော မိုးစပါးစိုက်ခင်းများကို ဖြတ်သန်းကြည့်ရှုကြသည်။

မေးမြန်းဆွေးနွေး

ထို့နောက် သာယာဝတီခရိုင် ဇီးကုန်းမြို့နယ် ကန္တလီကျေးရွာအုပ်စုရှိ တောင်သူဦးသိန်းဝင်း၏ ဆင်းသွယ်လတ် မိုးစပါးစိုက်ခင်း၌ ကျင်းပသည့် မိုးစပါး ပေါင်းလိုက်၊ တမန်းနှိုး၊ မြေဩဇာကြဲပက်ပွဲသို့ရောက်ရှိကြပြီး နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ကန္တလီ၊ ချောင်းကမ်း၊ မယင်း၊ သရက်တစ်ပင်၊ သပြေစိန်၊ ဘဲအင်း၊ လယ်မ၊ ဝက်စာပိုးနှင့် နွားတဲကုန်းကျေးရွာတို့မှ ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးအခြေအနေများကို မေးမြန်းဆွေးနွေးကာ အမှာစကား ပြောကြားသည်။

ယင်းနောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ထွေးဦးက တစ်ဧက စပါးအထွက်နှုန်း မြင့်မားရေး၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် စိုက်ခင်းအတွင်း မြေဩဇာ စုပေါင်းကြဲပက်နေမှုကို ကြည့်ရှုအားပေးပြီး ဒေသတွင် အသုံးပြုလျက်ရှိသော မြေဩဇာနှင့် စပါးမျိုးများကို ကြည့်ရှုစစ်ဆေးသည်။

မြေဩဇာကြဲပက်

ထိုမှတစ်ဆင့် သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ဝွေးတောက်ကွင်းကျေးရွာအုပ်စုရှိ တောင်သူဦးတင်ဝင်း၏ ဆင်းသွယ်လတ် မိုးစပါးစိုက်ခင်းတွင် ကျင်းပသည့် မိုးစပါးပေါင်းလိုက်၊ တမန်းနှိုး၊ မြေဩဇာကြဲပက်ပွဲသို့ရောက်ရှိပြီး နိုင်ငံတော်ဝန်ကြီးချုပ်သည် ဝွေးတောက်ကွင်း၊ သိုက်ဝါးချောင်း၊ ကွမ်းခြံနှင့် ဂရန်စံပြကျေးရွာတို့မှ ဒေသခံတောင်သူများအား ရင်းနှီးစွာ တွေ့ဆုံနှုတ်ဆက်၍ စိုက်ခင်းအတွင်း မြေဩဇာ စုပေါင်းကြဲပက်နေမှုကို ကြည့်ရှုအားပေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘိုကြီးကုန်းကျေးရွာအနီးရှိ အသေးစားရေအားလျှပ်စစ်တာဘိုင်စက်ရုံကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် သာယာဝတီမြို့ရှိ သုံးဆယ်ရေလှောင်တမံစီမံကိန်း အခြေစိုက်စခန်းသို့ရောက်ရှိရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဖြည့်စွက်တင်ပြ

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနတည်ဆောက်ရေး(၉)မှ ညွှန်ကြားရေးမှူး ဦးကျော်မြင့်လှိုင်က သုံးဆယ်ရေလှောင်တမံစီမံကိန်း လက်ယာတူးမြောင်း ဆည်ရေသောက်စနစ် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု၊ အိုပက်အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးမှု ရန်ပုံငွေအဖွဲ့ (OFID- OPEC Fund for International Development) ၏ ချေးငွေဖြင့် ခပေါင်းနှင့် သုံးဆယ်ဆည်ရေသောက်စနစ် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပဲခူးတိုင်း ဆည်မြောင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်စိုးက တိုင်းအတွင်း ဆည်ရေသောက်စနစ် တည်ဆောက်ဆဲလုပ်ငန်းများအခြေအနေကို ရှင်းလင်းတင်ပြရာ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်လှမင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က တည်ဆောက်ပြီး ဆည်တာတမံများတွင် ရေပေးတူးမြောင်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ကြရန်နှင့် တည်ဆောက်ပြီး တူးမြောင်းများမှလည်း လျာထားစိုက်ဧက ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ရေးအတွက် ရေပေးဝေရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘိုကြီးကုန်းကျေးရွာမှ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

သာယာဝတီမြို့နယ် ဘိုကြီးကုန်းကျေးရွာအနီးရှိ အသေးစားရေအားလျှပ်စစ်တာဘိုင်စက်ရုံကို တွေ့ရစဉ်။ (သတင်းစဉ်)

သုံးဆယ်ရေလှောင်တမံ စီမံကိန်း

သုံးဆယ်ရေလှောင်တမံ စီမံကိန်း၏ လက်ယာတူးမြောင်း ဆည်ရေသောက်စနစ် တည်ဆောက်ခြင်းလုပ်ငန်းကို အိုပက်အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးမှု ရန်ပုံငွေအဖွဲ့၏ ချေးငွေဖြင့် တည်ဆောက်လျက်ရှိရာ ယခုအခါ တူးမြောင်းမြေကြီးလုပ်ငန်း ၈၇ ဒသမ ၁၀ ရာခိုင်နှုန်း၊ တူးမြောင်းအဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်း ၁၉ ဒသမ ၆၄ ရာခိုင်နှုန်း တည်ဆောက်ပြီး ဖြစ်သည်။ တူးမြောင်းတစ်ခုလုံး တည်ဆောက်ပြီးစီးပါက စိုက်ဧက ၂၈၅၀၀ကို ရေပေးဝေနိုင်မည်ဖြစ်သည်။

လျာထားဆောင်ရွက်

သုံးဆယ်ရေလှောင်တမံ စီမံကိန်းသည် လယ်မြေဧက ၅၀၀၀၀ကို အကျိုးပြုနိုင်သည့် စီမံကိန်းကြီးတစ်ခုဖြစ်ပြီး တည်ဆောက်ပြီးဖြစ်သည့် လက်ဝဲတူးမြောင်းနှင့် တည်ဆောက်ဆဲ လက်ယာတူးမြောင်းတို့မှ ယခုနှစ်တွင် နွေစပါးစိုက်ဧက ၂၁၉၇၈ ဧကကို ရေပေးဝေနိုင်ခဲ့ပြီး ဖြစ်သည်။ ၂၀၀၉-၂၀၁၀ ခုနှစ်တွင် နွေစပါးစိုက်ဧက ၃၂၈၇၈ ဧကကို ရေပေးဝေနိုင်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ပံ့ပိုးကူညီဆောင်ရွက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် သာယာဝတီခရိုင်နှင့် ခရိုင်အတွင်းရှိ သာယာဝတီ၊ လက်ပံတန်း၊ အုတ်ဖို၊ ဇီးကုန်း၊ ကြို့ပင်ကောက်၊ နတ်တလင်း၊ မိုးညိုနှင့် မင်းလှ

စာမျက်နှာ ၁၀ ကော်လံ ၁

အားလုံးအတွက် ထာဝရငြိမ်းချမ်းရေး

ရဲကျော်

မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီကပင် ပြည်တွင်းသောင်းကျန်းမှုပြဿနာနှင့် ကျွန်တော်တို့နိုင်ငံ ကြုံတွေ့ခဲ့ရသည်။ ဝါဒရေးရာကွဲပြားမှုများကြောင့် ကွဲကြ၊ ပြဲကြ၊ တိုက်ကြခိုက်ကြသည်။ လူမျိုးစွဲကြောင့် တိုက်ကြ၊ ခိုက်ကြသည်။ တစ်ဖန် ဝါဒရေးကိုအခြေခံသည့် သောင်းကျန်းသူအဖွဲ့များအတွင်းတွင်ပင် ပုဂ္ဂိုလ်ရေးကိုအခြေခံ၍ အစိတ်စိတ်အမြွှာမြွှာ ကွဲခဲ့ကြသည်။ လူမျိုးရေးကို အခြေခံသည့် သောင်းကျန်းသူအဖွဲ့များအတွင်းတွင်လည်း ဝါဒရေးကို အခြေခံပြီး ထပ်ကွဲကြပြန်သည်။ အစိုးရကိုသာ လက်နက်ကိုင် တိုက်ခိုက်သည်မဟုတ် ကွဲနေသည့် အဖွဲ့များအချင်းချင်းလည်း တိုက်ကြပြန်သည်။ ပြည်တွင်းသောင်းကျန်းသူသာမက မူဂျာဟစ်ခေါ် ကုလားဆိုး၊ ကေအမ်တီခေါ် တရုတ်ဖြူများလို ပြည်ပကျူးကျော်မှုတွေနဲ့လည်း ကြုံခဲ့ရသည်။ နောက်ဆုံး လွတ်လပ်ပြီးစ မြန်မာနိုင်ငံသည် နိုင်ငံတည်ဆောက်ရေးကို လုပ်ဆောင်ရမည့်အစား ပဋိပက္ခဖြေရှင်းရေး၊ လုံခြုံမှုထိန်းသိမ်းရေးတို့နှင့်သာ အချိန်ကုန်ခဲ့ရတော့သည်။ အကျိုးဆက်ကတော့ ဒေသတွင်းနိုင်ငံများထက် ဖွံ့ဖြိုးတိုးတက်မှုတွေ နောက်ကျ ကျန်နေခဲ့ရခြင်းဖြစ်သည်။

၁၉၈၉ခုနှစ်တွင်မှ ပြည်တွင်းသောင်းကျန်းမှုသံသရာအဆုံးသတ်ဖို့ မျှော်လင့်ချက်တွေပေါ်လာသည်။ တပ်မတော်အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအကြားတွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တွေရလာသည်။ နယ်စပ်ဒေသတွေမှာ ငြိမ်းချမ်းရေး တည်ဆောက်နိုင်လာသည်။ တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသည်။ ထိုအကျိုးဆက်အဖြစ် တိုက်ပွဲဖြစ်ပွားရာ ဒေသများရှိ တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝတွေ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ ငြိမ်းချမ်းရေး၏အသီးအပွင့် (Peace Dividend)ကို ခံစားခဲ့ကြရသည်။

မြန်မာနိုင်ငံတွင် ဖဆပလ၊ တော်လှန်ရေးကောင်စီနှင့် လမ်းစဉ်ပါတီအစိုးရများလက်ထက်တွင် တိုင်းရင်းသား လက်နက်ကိုင် သောင်းကျန်းသူအဖွဲ့အစည်းများနှင့် အပစ်အခတ်ရပ်စဲရေး၊ ဥပဒေဘောင်အတွင်း ဝင်ရောက်ရေးအတွက် ဆွေးနွေးမှုများ အကြိမ်ကြိမ် ပြုလုပ်ခဲ့သည်။ သို့သော် အောင်မြင်မှုအနည်းအကျဉ်းသာ ရှိခဲ့သည်။ ယခု တပ်မတော်အစိုးရလက်ထက်တွင်မူ သောင်းကျန်းသူအဖွဲ့ကြီး ၁၇ ဖွဲ့နှင့် အဖွဲ့ငယ်အများအပြားနှင့် ငြိမ်းချမ်းရေး တည်ဆောက်နိုင်ခဲ့သည်။ အဘယ်ကြောင့် ထိုကဲ့သို့သော အောင်မြင်မှုများ ရရှိခဲ့သနည်း။

အဓိကအကြောင်းအရင်းမှာ တပ်မတော်အစိုးရအနေဖြင့် ပြည်တွင်းသောင်းကျန်းမှုပြဿနာကို ဖြေရှင်းရာတွင် ချဉ်းကပ်ပုံချဉ်းကပ်နည်း ပြောင်းလဲခဲ့သောကြောင့် ဖြစ်ပါသည်။ အတိတ်က ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် တည်ဆဲအစိုးရက သောင်းကျန်းသူအဖွဲ့အစည်းများ ဥပဒေဘောင်အတွင်း ဝင်ရောက်မည်ဆိုလျှင် လက်နက်စွန့်လွှတ်ရန်ဆိုသည့် အချက်ကို အခြေခံအချက်အဖြစ် သတ်မှတ်လေ့ရှိသည်။ ပြီးမှ သောင်းကျန်းသူ တပ်ဖွဲ့ဝင်ဟောင်းများကို နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးကိစ္စများကို ဆွေးနွေးမည်ဟု အဆိုပြုလေ့ရှိသည်။

တကယ်တော့ နှစ်ပေါင်းများစွာ လက်နက်ကိုင်တိုက်ပွဲဝင်နေခဲ့သော တပ်ဖွဲ့ဝင်များကို နေ့ချင်း ညချင်း လက်နက်စွန့်လွှတ်ခိုင်းဖို့ဆိုသည်မှာ မလွယ်ကူပေ။ သူတို့၏ လုံခြုံရေး၊ သူတို့ဒေသ၏ လုံခြုံရေးကို သူတို့ကိုယ်တိုင် ယုံကြည်မှုရှိဖို့လိုသည်။ ထို့ပြင် အတိတ်သင်ခန်းစာများအရ အဖွဲ့အစည်းတစ်ခုက လက်နက်စွန့်လွှတ်လိုက်သည့်အခါ ထိုလစ်ဟာသွားသည့် နေရာသို့ အခြား လက်နက်ကိုင် သောင်းကျန်းသူအဖွဲ့အစည်းများက ဝင်ပြီးနေရာယူလာသည်များလည်း ရှိသည်။ ထို့ပြင် ထိုတပ်ဖွဲ့ဝင်ဟောင်းများကို လူ့အဖွဲ့အစည်းအတွင်း ပြန်လည်အခြေချနေထိုင်နိုင်ရေး၊ စားဝတ်နေမှုအဆင်ပြေအောင် ဖန်တီးပေးရေး စသည့် လုပ်ငန်းတာဝန်များလည်း ရှိသေးသည်။ ၎င်းတို့၏ လုံခြုံရေးကိုလည်း အာမ မခံနိုင်၊ လူမှုစီးပွားဘဝ အဆင်ပြေအောင်လည်း မလုပ်နိုင်သည့်အခါ ထိုတပ်ဖွဲ့ဝင်ဟောင်းများသည် အခြား လက်နက်ကိုင်အဖွဲ့အစည်းများအတွင်းသို့ ပြန်လည်ဝင်ရောက်သွားပြီး သောင်းကျန်းသူအဖြစ်သို့ ပြန်လည်ရောက်ရှိကုန်တော့သည်။ ဤသည်မှာ အတိတ်ကလုပ်ဆောင်ခဲ့သည့် ငြိမ်းချမ်းရေးဆွေးနွေးမှုများ မအောင်မမြင် ဖြစ်ခဲ့ရသည့် အဓိကအကြောင်းအချက်ပင် ဖြစ်ပေသည်။

ထို့ကြောင့် ၁၉၈၈ခုနှစ် တပ်မတော်အစိုးရ တာဝန်ယူခဲ့သည့်အခါတွင်မူ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များနှင့် ငြိမ်းချမ်းရေးပြဿနာအပေါ် ချဉ်းကပ်ပုံပြောင်းလဲကျင့်သုံးခဲ့သည်။ ငြိမ်းချမ်းရေးရယူခဲ့သော တပ်ဖွဲ့များအနေဖြင့် လက်နက်စွန့်ရန်မလို၊ သို့သော် လက်ရှိအင်အားထက် ပိုမိုတိုးချဲ့ခြင်း၊ လူသစ်စုဆောင်းခြင်းမပြုရ၊ နှစ်ဖက်သဘောတူထားသည့် နယ်မြေများအတွင်း နေထိုင်ပြီး မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်သည်ဆိုသည့် အခြေခံမူကို ကျင့်သုံးခဲ့သည်။ ငြိမ်းချမ်းရေးရယူထားသည့် ဒေသများတွင် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်အောင် ကူညီသည်။ **တိုင်းရင်းသား အဖွဲ့အစည်းများဘက်ကလည်း ဥပဒေနှင့်အညီ နေထိုင်လုပ်ကိုင်ရန် ကတိခံဝန်ချက် ပေးရသည်။ ထိုချဉ်းကပ်ပုံနည်းလမ်းသည် ယနေ့ နိုင်ငံတကာ ပဋိပက္ခဖြေရှင်းရေးတွင် ခေတ်စားနေသည့် နှစ်ဖက်အကျိုးရှိသည့် ဖြေရှင်းနည်း Win- Win Solution ပင် ဖြစ်သည်။**

နိုင်ငံရေးနှင့်ပတ်သက်လျှင်မူ တပ်မတော်အစိုးရက မိမိတို့သည် အနာဂတ်ဒီမိုကရေစီနိုင်ငံတော်ပေါ်ပေါက်စေရန် လိုအပ်သည့် ရေခံမြေခံ အခြေခံကောင်းများ တည်ဆောက်ပေးလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံရေးနှင့်ပတ်သက်ပြီး ဆွေးနွေးလိုလျှင် ဒီမိုကရေစီဖော်ဆောင်ရေး၏ အစဖြစ်သော အမျိုးသားညီလာခံတွင် ဆွေးနွေးပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်လာသည့်အခါ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည် ဖြစ်သည်။ လောလောဆယ်ဆယ်တွင်မူ မိမိတို့က နိုင်ငံတော်ကို တည်ဆောက်နေသကဲ့သို့ ညီအစ်ကိုများကလည်း မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဥပဒေနှင့်အညီ ဆောင်ရွက်ကြပါဟုသာ ရပ်တည်ပြောကြားခဲ့သည်။ ထိုမူဝါဒများကို သဘောတူသဖြင့်လည်း ငြိမ်းချမ်းရေးရယူထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် အမျိုးသားညီလာခံတွင် ပါဝင်တက်ရောက်ခဲ့ကြပြီးဖြစ်သည်။ မိမိတို့ဆန္ဒများကိုလည်း တင်ပြခွင့်ရခဲ့ကြပြီးဖြစ်သည်။ ညီလာခံကိုယ်စားလှယ်များက လက်ခံသဖြင့် ရခဲ့ကြသည်များရှိသလို နိုင်ငံအတွင်းရှိ အခြားတိုင်းရင်းသားများ၊ လူထုလူတန်းစားများ၏ လိုအပ်ချက်၊ တိုင်းပြည်၏ အမျိုးသားအကျိုးစီးပွား စသည်တို့ဖြင့် ချိန်ထိုးနှိုင်းဆပြီး အခြားသင့်တော်သည့် နည်းလမ်းများကို ရွေးချယ်ခဲ့ရသည်လည်း ရှိသည်။ မည်သို့ပင်ဖြစ်စေ အမျိုးသားညီလာခံမှ ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ထွက်လာခဲ့ပြီး ထိုဥပဒေကိုလည်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုနိုင်ခဲ့ပြီး ဖြစ်သည်။ ထိုအခြေခံဥပဒေသစ်အရ ပြည်နယ်များတွင် ပြည်နယ်လွှတ်တော်၊ ပြည်နယ်အစိုးရတွေ ပေါ်လာမည်ဖြစ်သကဲ့သို့ သတ်မှတ်ထားသည့် မူများနှင့် ပြည့်စုံသည့် တိုင်းရင်းသားများသည်လည်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ ရရှိကြမည် ဖြစ်သည်။ ဤသည်မှာ ယခင်ဖွဲ့စည်းပုံအခြေခံဥပဒေနှစ်ခုတွင် မရရှိခဲ့သည့် အခွင့်အရေးလည်း ဖြစ်ပေသည်။

ယခုကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ထွက်လာပြီး ထိုအခြေခံဥပဒေနှင့်အညီ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး အဖွဲ့အစည်းအဆင့်ဆင့်ကို ဖွဲ့စည်းနိုင်ရန်အတွက် ၂၀၁၀ခုနှစ်တွင် ရွေးကောက်ပွဲများ ကျင်းပတော့မည်ဖြစ်သည်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအနေဖြင့် မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို အခြေခံဥပဒေဘောင်အတွင်းမှ ဆောင်ရွက်လိုသည်ဆိုလျှင် နိုင်ငံရေးပါတီများ ဖွဲ့စည်းရေးကို စဉ်းစားဆောင်ရွက်ရတော့မည် ဖြစ်သည်။ ထိုသို့ဆောင်ရွက်ချိန်တွင် နှစ်ပေါင်းများစွာ လက်နက်ကိုင်အဖွဲ့အစည်းအဖြစ် ရပ်တည်နေခဲ့သည့် မိမိတို့ အဖွဲ့အစည်းကို ပါတီအသွင် မည်ကဲ့သို့ကူးပြောင်း တည်ဆောက်မည့် နည်းလမ်းများကို ရှာဖွေရပေတော့မည်။

ထိုအချိန်တွင် နိုင်ငံတော်အစိုးရကို ဆန့်ကျင်နေသည့် အဖွဲ့အစည်းအချို့က ငြိမ်းချမ်းရေးရယူထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ကိုယ်ပိုင်တပ်ဖွဲ့များကို ဆက်လက်ထားရှိရမည်။ ဤသည်မှာ ဖက်ဒရယ်မူပင်ဖြစ်သည်ဟု သွေးထိုးလှုံ့ဆော်လာသည်ကို တွေ့ရသည်။ **တကယ်တော့ ဖက်ဒရယ်ကို မြန်မာပြန်လျှင် ပြည်ထောင်စုစနစ်ပင် ဖြစ်သည်။ ကမ္ဘာပေါ်တွင် ပြည်ထောင်စုစနစ်ကိုကျင့်သုံးသော နိုင်ငံများတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများ၊ ပြည်နယ်များ၌ ပြည်ထောင်စု တပ်မတော်၏ လက်အောက်တွင်မဟုတ်ဘဲ ကိုယ်ပိုင် လက်နက်ကိုင်တပ်ဖွဲ့များ ထားခွင့်ပြုသည့် နိုင်ငံဟူ၍** **ယူဂိုဆလားဗီးယားနှင့် ဆိုဗီယက်ပြ[...] ထင်ထင်ရှားရှားရှိခဲ့သည်။ ထိုပြည်ထေ[...] အဆုံးသတ်သွားသည်ကိုကြည့်လျှင် ([...] တပ်ဖွဲ့များထားရှိခြင်းသည် ပြည်ထေ[...] အန္တရာယ်ကြီးသည်ကို တွေ့နိုင်ပါသ[...]** တွင်ပင်လျှင် ပြည်နယ်များအတွက် [...] ဖွဲ့စည်းခွင့်မပေးဘဲ ပြည်ထောင်စုနှင့် [...] တာဝန်ယူသည့် National Guard[...] သည်ကို တွေ့ရမည်ဖြစ်သည်။ ထို့[...] တွင် သီးခြားကိုယ်ပိုင်တပ်ဖွဲ့များ ထား[...] စစ်သည်ဆိုသည့် အယူအဆသည် မြန်[...] နှင့်သာမက နိုင်ငံတကာအခြေအနေ[...] ပြုပြီး ပြည်ထောင်စုပြိုကွဲရေးအတွက် [...] သက်သက်သာ ဖြစ်သည်ဆိုသည်မှာ [...]

သို့ဖြစ်ရာ **ဖွဲ့စည်းပုံအခြေခံဥ[...] တွင် ရွေးကောက်ပွဲများ မကျင်းပမီအ[...] ရယူထားသည့် တိုင်းရင်းသား လက်န[...] ဖြင့် အခြေခံဥပဒေနှင့်အညီ ရွေးကေ[...] လျှင် မိမိတို့၏ လက်နက်ကိုင်တပ်ဖွဲ့[...] အခြေခံဥပဒေနှင့်အညီ ဆောင်ရွက်[...]** နိုင်ငံတကာဖြစ်စဉ်များကို လေ့လာပါ[...] ကာလ (Post Conflict) ဒီမိုကရေစီ[...] တည်ဆောက်ရာတွင် အစိုးရကို ဆန့်[...] လက်နက်ကိုင်တပ်ဖွဲ့များကို လက်[...] (Decommission)၊ တပ်ဖွဲ့များကို [...] mobilize) တို့ကို ဆောင်ရွက်လေ့ရှိသ[...] အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ်တွင် [...] အကြား အပစ်အခတ်ရပ်စဲရေး ရ[...] ရွေးကောက်ပွဲများ မပြုလုပ်မီ ကြ[...] တပ်ဖွဲ့များက လက်နက်များအပ်နှံခြ[...] များကို နေရာချထားပြီး ပြန်လည်[...] များ ဆောင်ရွက်ပေးခြင်းတို့ကို [...] တွေ့ရမည် ဖြစ်ပါသည်။

အလားတူပင် နီပေါနိုင်ငံတွင် [...] ပြောက်ကျားများအကြား အပစ်အခတ်[...] ခဲ့ပြီးနောက် ပြောက်ကျားတပ်ဖွဲ့များကို[...] တွင် စုစည်းနေရာချထားပြီး လက်နက်[...] ကြီးကြပ်ရေး အဖွဲ့များ၏ စော[...] သိမ်းဆည်းထားခဲ့သည်ကို တွေ့ရပါ[...] အာဖရိကနိုင်ငံကဲ့သို့ ဖြစ်စဉ်များတွင်[...] တပ်ဖွဲ့ဝင်ဟောင်းများအနက် အရည်[...] ကို တစ်ဦးချင်းစိစစ်ပြီး တပ်မတော်[...] ခွင့်ပြုခြင်း၊ ရဲတပ်ဖွဲ့၌ တာဝန်ထမ်း[...] ပြုလုပ်ခဲ့သည်ကိုလည်း တွေ့ရသည်[...]

သို့သော် **နိုင်ငံတော်အစိုးရက [...] ထားသည့် တိုင်းရင်းသား လက်န[...] အနာဂတ်နှင့်ပတ်သက်ပြီး စီစဉ်ဆော[...] နိုင်ငံတကာဖြစ်စဉ်များအတိုင်း ပုံတူကူး[...] နိုင်ငံ၏ သမိုင်းဖြစ်စဉ်များကို အခြေ[...] တရားများနှင့်အညီ စီစဉ်ဆောင်ရွက်[...] သည်။ ထို့ကြောင့် တိုင်းရင်းသား လ[...] အတွင်းမှ နိုင်ငံရေးပါတီ ဖွဲ့စည်းရာ[...] အနေဖြင့် တပ်ဖွဲ့မှအနားယူပြီး နိုင်[...] လက်ရှိတပ်ဖွဲ့များကို နယ်ခြားစော[...] ပြန်လည်ဖွဲ့စည်းရန် သတ်မှတ်ပေးခဲ့ခြ[...] များတွင် အုပ်ချုပ်ရေးဆိုင်ရာ ရုံးလုပ်[...] အတွက် တပ်မတော် အရာရှိနှင့် [...] တွဲဖက်ပေးထားသည်မှအပ ကျန်အရ[...] သက်ဆိုင်ရာ တိုင်းရင်းသား လက်[...] တပ်ဖွဲ့ဝင်များဖြင့်သာ ဖွဲ့စည်းထားရှ[...]**

ဤသည်မှာ နိုင်ငံတကာတွင် [...] လက်နက်ဖြုတ်သိမ်းခြင်း၊ တပ်ဖွဲ့များ [...] လုပ်နည်းများနှင့် နှိုင်းယှဉ်လျှင် တိုင်းရ[...]

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ၂၀၁၀ ခုနှစ်တွင် ရွေးကောက်ပွဲများ မကျင်းပမီအချိန်တွင် ငြိမ်းချမ်းရေး ရယူထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ အနေဖြင့် အခြေခံဥပဒေနှင့်အညီ ရွေးကောက်ပွဲ ဝင်လိုသည်ဆိုလျှင် မိမိတို့၏ လက်နက်ကိုင်တပ်ဖွဲ့များနှင့် ပတ်သက်ပြီး အခြေခံဥပဒေနှင့်အညီ ဆောင်ရွက်ရမည်သာ ဖြစ်သည်။

ယူဂိုဆလားဗီးယားနှင့် ဆိုဗီယက်ပြည်ထောင်စု နှစ်ခုသာ ထင်ထင်ရှားရှားရှိခဲ့သည်။ ထိုပြည်ထောင်စုနှစ်ခု မည်ကဲ့သို့ အဆုံးသတ်သွားသည်ကိုကြည့်လျှင် ကိုယ်ပိုင်လက်နက်ကိုင် တပ်ဖွဲ့များထားရှိခြင်းသည် ပြည်ထောင်စုအတွက် မည်မျှ အန္တရာယ်ကြီးသည်ကို တွေ့နိုင်ပါသည်။ အမေရိကန်နိုင်ငံ တွင်ပင်လျှင် ပြည်နယ်များအတွက် ကိုယ်ပိုင်တပ်ဖွဲ့များ ဖွဲ့စည်းခွင့်မပေးဘဲ ပြည်ထောင်စုနှင့် ပြည်နယ်များ ပူးတွဲ တာဝန်ယူသည့် National Guard စနစ်ကို ကျင့်သုံး သည်ကို တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် ပြည်နယ်များ တွင် သီးခြားကိုယ်ပိုင်တပ်ဖွဲ့များ ထားရှိမှသာ ပြည်ထောင်စု စစ်သည်ဆိုသည့် အယူအဆသည် မြန်မာနိုင်ငံ၏အခြေအနေ နှင့်သာမက နိုင်ငံတကာအခြေအနေများကိုပါ မျက်ကွယ် ပြုပြီး ပြည်ထောင်စုပြိုကွဲရေးအတွက် သွေးထိုးလှုံ့ဆော်မှု သက်သက်သာ ဖြစ်သည်ဆိုသည်မှာ ထင်ရှားပေသည်။

သို့ဖြစ်ရာ **ဖွဲ့စည်းပုံအခြေခံဥပဒေအရ ၂၀၁၀ခုနှစ် တွင် ရွေးကောက်ပွဲများ မကျင်းပမီအချိန်တွင် ငြိမ်းချမ်းရေး ရယူထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအနေ ဖြင့် အခြေခံဥပဒေနှင့်အညီ ရွေးကောက်ပွဲ ဝင်လိုသည်ဆို လျှင် မိမိတို့၏ လက်နက်ကိုင်တပ်ဖွဲ့များနှင့်ပတ်သက်ပြီး အခြေခံဥပဒေနှင့်အညီ ဆောင်ရွက်ရမည်သာ ဖြစ်သည်။** နိုင်ငံတကာဖြစ်စဉ်များကို လေ့လာပါကလည်း ပဋိပက္ခလွန် ကာလ (Post Conflict) ဒီမိုကရေစီ အသွင်ကူးပြောင်းရေး တည်ဆောက်ရာတွင် အစိုးရကို ဆန့်ကျင်တိုက်ခိုက်နေသည့် လက်နက်ကိုင်တပ်ဖွဲ့များကို လက်နက်ဖြုတ်သိမ်းခြင်း (Decommission)၊ တပ်ဖွဲ့များကို ဖျက်သိမ်းခြင်း (De-mobilize) တို့ကို ဆောင်ရွက်လေ့ရှိသည်ကို တွေ့နိုင်သည်။ အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ်တွင် အစိုးရနှင့် သူပုန်များ အကြား အပစ်အခတ်ရပ်စဲရေး ရရှိပြီးနောက် ဒေသ ရွေးကောက်ပွဲများ မပြုလုပ်မီ ကြားကာလတွင် သူပုန် တပ်ဖွဲ့များက လက်နက်များအပ်နှံခြင်း၊ တပ်ဖွဲ့ဝင်ဟောင်း များကို နေရာချထားပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်း များ ဆောင်ရွက်ပေးခြင်းတို့ကို လုပ်ဆောင်ခဲ့သည်ကို တွေ့ရမည် ဖြစ်ပါသည်။

အလားတူပင် နီပေါနိုင်ငံတွင် အစိုးရနှင့် မော်ဝါဒီ ပြောက်ကျားများအကြား အပစ်အခတ်ရပ်စဲရေး သဘောတူ ခဲ့ပြီးနောက် ပြောက်ကျားတပ်ဖွဲ့များကို သတ်မှတ်နေရာများ တွင် စုစည်းနေရာချထားပြီး လက်နက်များကို နိုင်ငံတကာ ကြီးကြပ်ရေး အဖွဲ့များ၏ စောင့်ကြပ်မှုအောက်တွင် သိမ်းဆည်းထားခဲ့သည်ကို တွေ့ရပါသည်။ ထို့ပြင် တောင် အာဖရိကနိုင်ငံကဲ့သို့ ဖြစ်စဉ်များတွင်မူ မူလပြောက်ကျား တပ်ဖွဲ့ဝင်ဟောင်းများအနက် အရည်အချင်းကိုက်ညီသူများ ကို တစ်ဦးချင်းစိစစ်ပြီး တပ်မတော်အတွင်းသို့ ဝင်ရောက် ခွင့်ပြုခြင်း၊ ရဲတပ်ဖွဲ့၌ တာဝန်ထမ်းဆောင်ခွင့်ပြုခြင်းများ ပြုလုပ်ခဲ့သည်ကိုလည်း တွေ့ရသည်။

သို့သော် **နိုင်ငံတော်အစိုးရက ငြိမ်းချမ်းရေး ရယူ ထားသည့် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များ၏ အနာဂတ်နှင့်ပတ်သက်ပြီး စီစဉ်ဆောင်ရွက်ရာတွင် အဆိုပါ နိုင်ငံတကာဖြစ်စဉ်များအတိုင်း ပုံတူကူးယူခြင်းမပြုဘဲ မြန်မာ နိုင်ငံ၏ သမိုင်းဖြစ်စဉ်များကို အခြေခံကာ ပကတိ အရှိ တရားများနှင့်အညီ စီစဉ်ဆောင်ရွက်ခဲ့သည်ကို တွေ့နိုင် သည်။ ထို့ကြောင့် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များ အတွင်းမှ နိုင်ငံရေးပါတီ ဖွဲ့စည်းရာတွင် ပါဝင်လိုသူများ အနေဖြင့် တပ်ဖွဲ့မှအနားယူပြီး နိုင်ငံရေးဆောင်ရွက်ရန်၊ လက်ရှိတပ်ဖွဲ့များကို နယ်ခြားစောင့် တပ်ဖွဲ့များအဖြစ် ပြန်လည်ဖွဲ့စည်းရန် သတ်မှတ်ပေးခဲ့ခြင်းဖြစ်သည်။ ထိုတပ်ဖွဲ့ များတွင် အုပ်ချုပ်ရေးဆိုင်ရာ ရုံးလုပ်ငန်းများ ဆောင်ရွက်ရန် အတွက် တပ်မတော် အရာရှိနှင့် စစ်သည်အနည်းငယ် တွဲဖက်ပေးထားသည်မှအပ ကျန်အရာရှိ၊ တပ်ဖွဲ့ဝင်များမှာ သက်ဆိုင်ရာ တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များမှ တပ်ဖွဲ့ဝင်များဖြင့်သာ ဖွဲ့စည်းထားရှိမည် ဖြစ်သည်။**

ဤသည်မှာ နိုင်ငံတကာတွင် ဆောင်ရွက်နေသည့် လက်နက်ဖြုတ်သိမ်းခြင်း၊ တပ်ဖွဲ့များ ဖျက်သိမ်းခြင်း စသည့် လုပ်နည်းများနှင့် နှိုင်းယှဉ်လျှင် တိုင်းရင်းသား လက်နက်ကိုင် တပ်ဖွဲ့များအတွက် ကြီးမားသည့် အခွင့်အရေးများ ပေးထား သည်ကို တွေ့နိုင်ပေသည်။

ထိုကဲ့သို့ ငြိမ်းချမ်းရေး ရယူထားသည့် တိုင်းရင်းသား လက်နက်ကိုင် တပ်ဖွဲ့များအား အခြေခံဥပဒေနှင့်အညီ ပြန်လည်ဆောင်ရွက်မှုနှင့်ပတ်သက်ပြီး ဆန့်ကျင်ဘက် အဖွဲ့အစည်းများက ထိုသို့ပြောင်းလဲရန်အတွက် အချိန်ယူ ရဦးမည်၊ အချိန်မကျသေး၊ အချိန်ထပ်ပေးသင့်သည် စသည် ဖြင့် ဝေဖန်ပြောကြားနေသည်ကိုလည်း ကြားနေရသည်။ တကယ်တော့ နိုင်ငံတော်အစိုးရနှင့် ငြိမ်းချမ်းရေး ရယူခဲ့ သည့် ကာလမှာ ဆယ်စုနှစ် နှစ်ခုမျှရှိခဲ့ပြီ ဖြစ်သည်။ ထိုကာလတွင် တိုင်းရင်းသား အဖွဲ့အစည်းများအနေဖြင့် လက်နက်ကိုင်တိုက်ပွဲ တိုက်ခိုက်ရန်မလိုဘဲ မိမိဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံတိုင်းရင်းသားများ၊ တပ်ဖွဲ့ဝင် များ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ဖို့ တစ်နည်းအားဖြင့် အသွင်ပြောင်းဖို့အတွက် အချိန် လုံလောက်ရုံမက ပိုနေသည်ဟုပင် ဆိုရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရ၏ စေတနာမှာလည်း အပစ်အခတ် ရပ်စဲရေးအတွက် ဆွေးနွေးရာတွင် ယခင်အစိုးရများကဲ့သို့ နိုင်ငံရေး၊ လက်နက်စွန့်လွှတ်ရေး စသည့် အချက်များအပေါ် ဆွေးနွေးငြင်းခုန်နေမည့်အစား လက်နက်ကိုင်တိုက်ခိုက်မှု များ ရပ်ဆိုင်းရေးကိုသာ အလေးထား စဉ်းစားခဲ့ခြင်းဖြစ် သည်။ ထိုသို့ရပ်ဆိုင်းလိုက်မှသာ ဒေသခံပြည်သူများအနေ ဖြင့် နှစ်ပေါင်းများစွာ ကြုံတွေ့ခဲ့ရသည့် အကြမ်းဖက်မှု သံသရာ (Cycle of Violence)မှ လွတ်မြောက်နိုင်မည် ဖြစ် သည်။ ထိုသို့လွတ်မြောက်ပြီးမှသာ ဒေသခံပြည်သူများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် မိမိဒေသ၊ မိမိဖွံ့ဖြိုး တိုးတက်ရေးကို အေးချမ်းတည်ငြိမ်စွာ ဆောင်ရွက်နိုင်မည် ဖြစ်သည်။ ထို့ပြင် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ပြီးဖြစ်သည့် ဒေသများနှင့် ဆက်သွယ်ဆက်စပ်ပြီး စီးပွားရေး၊ ကုန်သွယ် ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထိုကဲ့သို့ ငြိမ်းချမ်းရေး၏ အသီးအပွင့်များကို လက်တွေ့ခံစား ကြည့်ခြင်းသည်သာ ငြိမ်းချမ်းရေးတည်ဆောက်ရန်အတွက် အကောင်းဆုံးနည်းလမ်းဖြစ်သည်ဟု နိုင်ငံတော်အစိုးရက ယူဆထားခဲ့သည်။

ဤစေတနာကြောင့်ပင် **ငြိမ်းချမ်းရေးရယူခဲ့သည့် အဖွဲ့အစည်းများမှ အဖွဲ့ဝင်များ၊ ဒေသခံ တိုင်းရင်းသား ပြည်သူများသည် မိမိတို့ဒေသ ဖွံ့ဖြိုးရေးကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ခဲ့သည်။ နယ်ချဲ့၏ သွေးခွဲအုပ်ချုပ်မှုကြောင့် နှစ်ပေါင်းရာချီ အဆက်အသွယ် ပြတ်တောက်နေခဲ့သည့် နိုင်ငံ၏ အခြားဒေသ အစိတ်အပိုင်းများသို့ လွတ်လွတ် လပ်လပ် သွားရောက်ခွင့်ရခဲ့သည်။ ထိုဒေသများရှိ တိုင်းရင်း သားများ၏ ဖွံ့ဖြိုးတိုးတက်နေမှုအခြေအနေများကို မျက်မြင် ကိုယ်တွေ့ လေ့လာနိုင်ခဲ့သည်။ မိမိတို့ဒေသတွင်သာမက နိုင်ငံတော်တစ်ဝန်းလုံးတွင် စီးပွားရေးလုပ်ငန်းများကို ဥပဒေ နှင့်အညီလုပ်ကိုင်ခွင့်ရခဲ့သည်။ တစ်ချိန်တည်း၌ပင် အခြေခံ ပညာအဆင့်ကို မိမိဒေသများတွင်၊ အဆင့်မြင့်ပညာများကို မိမိတို့ ငြိမ်းချမ်းရေးဒေသများတည်ရှိနေသည့် ပြည်နယ် များတွင် သင်ယူနိုင်ခွင့် ရခဲ့ကြသည်။ သက်ဆိုင်ရာအဖွဲ့ အစည်းများက အဆင့်ဆင့်သော ခေါင်းဆောင်များ၊ တပ်ဖွဲ့ဝင်များအနေဖြင့်လည်း တိုက်ပွဲများအစား ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ရင်း အုပ်ချုပ် ရေး၊ စီမံခန့်ခွဲရေး အတတ်ပညာများကို ဆည်းပူးလေ့လာခွင့် ရခဲ့ကြသည်။ လက်နက်ကိုင်တိုက်ပွဲများကြောင့် မေ့ထား ခဲ့ရသည့် မိမိတို့မိသားစုဘဝများကို ပြန်လည်ထူထောင် နိုင်ခွင့် ရခဲ့ကြသည်။**

ထိုအခြေအနေများသည် ပြည်တွင်းသောင်းကျန်းမှု ဒဏ်ကြောင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရ သော ဒေသခံပြည်သူများ မိမိဘဝကို မိမိဘာသာ ပြန်လည် တည်ဆောက်ခွင့်ရအောင်၊ လက်နက်ကိုင်ပဋိပက္ခများကြောင့် လူ့အဖွဲ့အစည်းနှင့် ကင်းကွာနေခဲ့ရသော တပ်ဖွဲ့ဝင် များကို လူမှုအသိုင်းအဝိုင်းအတွင်းသို့ ပြန်လည်သွတ်သွင်း (Integration) လုပ်နိုင်အောင်၊ ဖွံ့ဖြိုးမှုနောက်ကျခဲ့သော ဒေသများကို နိုင်ငံအတွင်းရှိ ဖွံ့ဖြိုးတိုးတက်နေသည့် ဒေသ

၁၉၈၈ ခုနှစ်မတိုင်မီက မိမိတို့ဒေသ အခြေအနေ၊ မိမိတို့တစ်ဦးချင်း၏ လူမှုစီးပွားဘဝ အခြေအနေနှင့် ယခု မိမိဒေသ အခြေအနေ ယှဉ်ကြည့် လိုက်လျှင်၊ လက်နက်ကိုင်တော်လှန်ရေး ဆက်လုပ် နေသည့် အဖွဲ့အစည်းများ၏အခြေအနေနှင့် မိမိတို့ အခြေအနေ စသည်တို့ကို နှိုင်းယှဉ်ကြည့်လိုက်လျှင် ထာဝရငြိမ်းချမ်းရေးလမ်းသာလျှင် အကောင်းဆုံး ဖြစ်သည်မှာ ထင်ရှားနေပါသည်။ ထို့ကြောင့် တိုင်းရင်း သား ညီအစ်ကိုများ ထာဝရငြိမ်းချမ်းရေးလမ်းကိုသာ လျှောက်စေချင်ပါသည်။

များနှင့်ဆက်စပ်ပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလိုသည့် နိုင်ငံတော်၏စေတနာကို ထင်ဟပ်ပေးနေခြင်းပင်ဖြစ်သည်။ ဤမူဝါဒ၊ ဤစေတနာသည် ယနေ့နိုင်ငံတကာ ပဋိပက္ခ ဖြေရှင်းရေးတွင် နိုင်ငံတကာအဖွဲ့အစည်းများက လုပ်ဆောင်လေ့ရှိသည့် လက်နက်အပ်၊ ထောက်ပံ့ကြေးထုတ်၊ မိမိဘာသာ လုပ်ကိုင်စားသောက်ဆိုသည့် (Forced Integration) မူဝါဒများနှင့် ကွာခြားသည်။ ဒေသခံပြည်သူများ၊ အဖွဲ့အစည်းဝင်များကိုယ်တိုင်က ဖွံ့ဖြိုးတိုးတက်ရေးကို ပါဝင်လုပ်ဆောင်ရင်း အဆင့်ဆင့် အသွင်ကူးပြောင်း ပေါင်းစည်း စေသည့် (Gradual Integration) မူဝါဒကို ကျင့်သုံးခြင်းဖြစ်သည်။

ထိုကဲ့သို့ မှန်ကန်သည့်စေတနာ၊ မှန်ကန်သည့် မူဝါဒများကြောင့် ငြိမ်းချမ်းရေး ရယူထားသည့် ဒေသများတွင် စီးပွားရေး၊ လူမှုရေးအရ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်း များ ရရှိခဲ့ပြီဖြစ်သည်။ ပညာတတ် လူငယ်များလည်း ပေါ်ထွက်ခဲ့ပြီဖြစ်သည်။ စီးပွားရေး လုပ်ငန်းရှင်များလည်း ရှိနေပြီဖြစ်သည်။ သက်ဆိုင်ရာ အဖွဲ့အစည်းအတွင်းတွင်လည်း အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးအတွေ့အကြုံများ ရှိခဲ့ပြီဖြစ်သည်။ ထို့ကြောင့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်လာပြီးချိန်တွင် မိမိဒေသအတွက် နိုင်ငံရေး၊ အုပ်ချုပ်ရေး လုပ်ငန်းများကို ဆက်လက် ဆောင်ရွက်လိုသူများအတွက်လည်း ပါတီများ ဖွဲ့စည်းခွင့် ရရှိတော့မည်ဖြစ်သည်။ မိမိတို့ နိုင်ငံ၊ မိမိတို့ဒေသကို ကာကွယ်လိုသူများကလည်း နယ်ခြားစောင့် တပ်ဖွဲ့များတွင် တာဝန်ထမ်းဆောင်ခွင့်ရတော့မည် ဖြစ်သည်။ မိမိတို့ တာဝန်ကျေပါပြီ၊ မိသားစုဘဝလေးကိုပဲ အေးအေးချမ်းချမ်း တည်ဆောက်လိုပါသည်ဟု ဆိုသူများအတွက်လည်း ငြိမ်းချမ်းစွာ နေထိုင်နိုင်ပြီဖြစ်သည်။ မိမိဒေသ ဖွံ့ဖြိုးရေး၊ မိမိ မိသားစု၏ လူမှုစီးပွားဘဝကို ဖွံ့ဖြိုးတိုးတက်အောင် ဆက်လုပ်မည်ဆိုသူများအတွက် လည်း စီးပွားရေးအခွင့်အလမ်းများက ပိုပြီး ပွင့်လန်းလာဖို့သာရှိသည်။

တကယ်တော့ ပြီးခဲ့သည့် အနှစ်နှစ်ဆယ်ကာလသည် ယာယီငြိမ်းချမ်းရေးကာလဟု ဆိုနိုင်သည်။ ထိုကာလ၌ပင် ငြိမ်းချမ်းရေး၏ အသီးအပွင့်၊ အောင်သီး အောင်နှံများကို ပြည့်ပြည့်ဝဝခံစားခဲ့ကြရပြီး ဖြစ်သည်။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေအတွင်းက မိမိတို့ဒေသ ဖွံ့ဖြိုးရေး၊ လုံခြုံရေးတွေကို ဆောင်ရွက်ခွင့်ရလျှင် ထိုဒေသများတွင် ထာဝရ ငြိမ်းချမ်းရေးရပြီဟု ဆိုနိုင်ပေပြီ။ ထိုအခါ လာမည့် အနှစ်နှစ်ဆယ်သည် ကုန်လွန်ခဲ့သည့် အနှစ်နှစ်ဆယ်ထက်ပိုပြီး အေးချမ်းဖို့၊ ပိုပြီးဖွံ့ဖြိုးတိုးတက်ဖို့၊ ဒီမိုကရေစီအခွင့်အရေးများကို ပိုပြီး ကျင့်သုံးနိုင်ဖို့၊ တိုင်းရင်းသားရေးရာတွေကို ပိုပြီး လုပ်ဆောင်နိုင်ဖို့သာ ဖြစ်သည်။

ဤကဲ့သို့ အခွင့်အလမ်းကောင်းများ လက်တစ်ကမ်းတွင် ရောက်နေချိန်တွင် နောက်ကြောင်းပြန်လှည့်ပြီး အရင်လို တိုက်ပွဲကြားမှာ ကျီးလန့်စာစား နေရသည့်ဘဝကို ပြန်ရောက်အောင် သွေးထိုးလှုံ့ဆော်သူတွေ ပေါ်လာသည်။ ထိုစကားများကို နားယောင်ပြီး ဥပဒေနှင့်မညီသည့် လုပ်ရပ်များကို ပြန်လည်လုပ်ဆောင်သဖြင့် အရေးယူခဲ့ရသည်များ လည်း ရှိသည်။ ထို့အတူ လမ်းမှန်ကို ရွေးခဲ့သူတွေလည်း ရှိနေပြီ။ လမ်းဆုံတွင်ရပ်ရင်း တွေဝေနေသူတွေလည်း ရှိသည်။ **၁၉၈၈နောက်ပိုင်းတွင် တပ်မတော်အစိုးရက တိုင်းရင်း သား စည်းလုံးညီညွတ်ရေးကို ရှေးရှုပြီး ငြိမ်းချမ်းရေး ကမ်းလှမ်းခဲ့စဉ်က လက်ခံခဲ့သူများ ရှိသည်။ ကြားစကားများကို ယုံစားပြီး ငြိမ်းချမ်းရေးကို လက်မခံ၊ လက်နက်ကိုင် တော်လှန်ရေးလမ်းစဉ်ကိုပဲ ဆက်ပြီး ဖက်တွယ်ထားခဲ့သူတွေလည်း ရှိသည်။ ၁၉၈၈ခုနှစ် မတိုင်မီက မိမိတို့ဒေသ အခြေအနေ၊ မိမိတို့တစ်ဦးချင်း၏ လူမှုစီးပွားဘဝ အခြေအနေ နှင့် ယခု မိမိဒေသအခြေအနေ ယှဉ်ကြည့်လိုက်လျှင်၊ လက်နက်ကိုင်တော်လှန်ရေး ဆက်လုပ်နေသည့် အဖွဲ့အစည်းများ၏ အခြေအနေနှင့် မိမိတို့အခြေအနေ စသည်တို့ကို နှိုင်းယှဉ်ကြည့်လိုက်လျှင် ထာဝရငြိမ်းချမ်းရေးလမ်းသာလျှင် အကောင်းဆုံးဖြစ်သည်မှာ ထင်ရှားနေပါသည်။ ထို့ကြောင့် တိုင်းရင်းသားညီအစ်ကိုများ ထာဝရငြိမ်းချမ်းရေးလမ်း ကိုသာ လျှောက်စေချင်ပါသည်။** ။

စာမျက်နှာ ၇မှ

မြို့နယ်တို့မှ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် တွေ့ဆုံ၍ ဆွေးနွေးမှာကြားရာတွင် ကျေးလက်ဒေသများသည် မြို့ပြဒေသများနှင့်မခြား ဖွံ့ဖြိုးတိုးတက်လာနိုင်စေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ် (၅)ရပ်ကို အောင်မြင်စွာ အကောင်အထည်ဖော်သွားရန် လိုအပ်ကြောင်း၊ ကျေးလက်ဒေသ ပညာရည်မြင့်မားရေး ဆောင်ရွက်ရာတွင် ကျောင်းနေအရွယ်ကလေးများ ကျောင်းနေနိုင်ရေးနှင့် ကျောင်းနေကလေးများအားလုံး ကျောင်းနေမြဲရေးတို့အတွက် အုပ်ချုပ်မှုအပိုင်းက ထိရောက်စွာ ပံ့ပိုးကူညီဆောင်ရွက်ပေးကြရန်ဖြစ်ကြောင်းတို့ကို အသေးစိတ်မှာကြားသည်။

ထိုမှတစ်ဆင့် သာယာဝတီမြို့နယ် ဘိုကြီးကုန်းကျေးရွာအနီးရှိ အသေးစား ရေအားလျှပ်စစ်တာဘိုင်စက်ရုံသို့ရောက်ရှိရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးက သုံးဆယ်ရေလှောင်တမံစီမံကိန်း၏ ရေပေးတူးမြောင်းတွင် အသေးစား ရေအားလျှပ်စစ်စက် တပ်ဆင်လည်ပတ်နေမှုနှင့် လျှပ်စစ်မီးပေးဝေနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘိုကြီးကုန်းကျေးရွာမှ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ဓာတ်အားထုတ်လုပ်

အဆိုပါ အသေးစားရေအားလျှပ်စစ် တာဘိုင်စက်ကို ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၈)က တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ သုံးဆယ်ရေလှောင်တမံ ရေပေးတူးမြောင်းမှ ရေအားကိုယူ၍ (၃)ကီလိုဝပ် တာဘိုင်စက်နှစ်လုံးဖြင့် လျှပ်စစ်ဓာတ်အား ထုတ်ယူပြီး ဘိုကြီးကုန်းကျေးရွာရှိ လူနေအိမ် ၉၉အိမ်ကို လျှပ်စစ်မီးပေးဝေလျက်ရှိကြောင်း သိရှိရသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သာယာဝတီခရိုင်နှင့် ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်း၌ မိုးစပါးစိုက်ခင်းများအောင်မြင်ဖြစ်ထွန်းနေမှုကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုကြပြီး ဆက်လက်ထွက်ခွာလာရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်သည် ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်းရှိ ဒေသခံတောင်သူများအား သက်ဆိုင်ရာနေရာအသီးသီး၌ တွေ့ဆုံမှာကြားရာတွင် ပြည်ခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းပြီး ယခုကဲ့သို့ တောင်သူလယ်သမားများ ဝင်ငွေတိုးတက်ရရှိနေသည်ကို မိမိကိုယ်တိုင်ကိုယ်ကျ ကြားသိမြင်တွေ့ရ၍ လွန်စွာဝမ်းသာပီတိဖြစ်ရပါကြောင်း၊ မိမိတို့နိုင်ငံရှိ တောင်သူလယ်သမားများအားလုံးသည် ပင်ကိုလုပ်ငန်းသဘာဝအရ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို တွဲဖက်လုပ်ကိုင်ဆောင်ရွက်သည့် အလေ့အကျင့်ကောင်းများ ရှိပြီးဖြစ်ကြောင်း။

ပေါင်းစည်းလယ်ယာစိုက်ပျိုးရေး

သို့ရာတွင် လယ်ယာလုပ်ငန်းမှ ဝင်ငွေအမျိုးမျိုး တိုးတက်ရရှိလာစေရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးတို့ကို စနစ်တကျဆက်စပ်၍ အလေအလွင့်မရှိအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လက်ရှိရရှိသည့် ဝင်ငွေဖြင့် ကျေနပ်ရောင့်ရဲမနေဘဲ မိမိတို့၏ လူနေမှုဘဝမြင့်မားရေးကိုပါ ဆောင်ရွက်ရာတွင် ခေတ်မီလယ်ယာစနစ်တစ်ခုဖြစ်သည့် ပေါင်းစည်းလယ်ယာစိုက်ပျိုးရေးစနစ်ကို သင့်လျော်သည့်နေရာတိုင်းတွင် အသုံးပြုဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ထို့အပြင် စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် တစ်နိုင်တစ်ပိုင် စက်ကိရိယာများ တိုးမြှင့်အသုံးပြုဆောင်ရွက်သွားခြင်းဖြင့် သီးနှံတစ်ဧကအထွက်နှုန်း တိုးတက်လာစေရေး ဆက်လက်ကြိုးစားသွားကြစေလိုကြောင်း၊ နိုင်ငံတော်အပိုင်းက လိုအပ်သောပံ့ပိုးမှုများအားလုံးကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယခုလည်း ဆည်ရေသောက်စနစ်ဖြင့် နွေစပါးစိုက်ပျိုးနိုင်မှုအခြေအနေ ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ဆက်လက်တည်ဆောက်ပေးလျက်ရှိကြောင်း။

အားကြိုးမာန်တက်

စိုက်ပျိုးရေးရရှိသည့်အခြေအနေကို အကျိုးအရှိဆုံးအသုံးချ၍ တောင်သူလယ်သမားများအနေဖြင့်လည်း သီးနှံအထွက်နှုန်း ကောင်းသည်ထက်ကောင်းလာအောင်၊ ဝင်ငွေတိုးတက်ရရှိသည်ထက် တိုးတက်ရရှိလာအောင် အားကြိုးမာန်တက် ဆောင်ရွက်သွားကြစေလိုကြောင်း။

ဤသို့ ကြိုးပမ်းရာတွင် အလုပ်အပေါ် ဉာဏ်လောင်း၍ ဆောင်ရွက်သွားနိုင်ရေးအတွက် ဒေသခံကျေးလက်ပညာတတ်လူငယ်များက ဆက်လက်ဦးဆောင် ကြိုးပမ်းသွားကြရမည်ဖြစ်၍ တောင်သူလယ်သမားများ၏သားသမီးများ ပညာတတ်လူငယ်များဖြစ်လာစေရန် ပညာကိုဆုံးခန်းတိုင်အောင် သင်ကြားရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်တစ်ဝန်းလုံး၌ ကျေးလက်နေလူငယ်များ ပညာသင်ကြားနိုင်ရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရက ပညာရေးပတ်ဝန်းကျင်ကောင်းများကို မြို့ပြရော ကျေးလက်တွင်ပါ တည်ဆောက်ဖန်တီးပေးထားပြီးဖြစ်ကြောင်း၊ ထိုအခွင့်အလမ်းကောင်းများကို အမိအရအသုံးချနိုင်ရန် လိုအပ်ကြောင်း။

မိမိတို့ မိုးရွာမရှောင်၊ နေပူမရှောင် သမ္မာအာဇီဝဖြင့် ခက်ခက်ခဲခဲ ရှာဖွေထားရသည့် ငွေကြေးများကို အလွယ်တကူ သုံးဖြုန်းမပစ်ဘဲ မိမိတို့ဘဝ လူနေမှုအဆင့်အတန်း မြင့်မားရေးအတွက်ကိုသာ ထိုက်ထိုက်တန်တန် အသုံးပြုကြစေလိုကြောင်းဖြင့် တိုက်တွန်းမှာကြားသည်။ (သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

နှလုံးကျန်းမာဖို့ ဖရဲသီးစားကြစို့

ပူပြင်းခြောက်သွေ့သည့် နွေရာသီတွင် သူသူငါငါ နှုံးခွေခွေရှိတတ်ကြရာဝယ် ဖရဲသီးစားခြင်းဖြင့် စိတ်ဓာတ်တက်ကြွ လန်းဆန်းလာသည်ကို တွေ့ဖူးကြုံဖူး ကြပါသည်။ ဖရဲသီးတစ်စိတ်တွင် ဗီတာမင်(အေ)၊ ဗီတာမင်(ဘီ-၆)၊ ဗီတာမင်(စီ)အပြင်၊ ပိုတက်စီယမ်နှင့် ဘီတာကာရိုတင်းဓာတ်များ အများအပြား ပါဝင်သဖြင့် ထိုမျှ အာနိသင်ရှိနေခြင်းဖြစ်သည်။

အထောက်အကူ

ဖရဲသီးကို ထမင်းပွဲတွင် အချိုပွဲအဖြစ် စားနိုင်သည်။ ဖရဲသီးခွံကို အချဉ်ထည့်၍ ဟင်းရန်အဖြစ် စားသုံးသည်လည်း ရှိသည်။ ဖရဲသီးစားခြင်းဖြင့် ကျန်းမာရေးကို များစွာအထောက်အကူဖြစ်သည်။

လေ့လာတွေ့ရှိ

နှလုံးကျန်းမာစေရန် ဖရဲသီးစားသုံးသင့်သည်။ ဖရဲသီးစားခြင်းနှင့် နှလုံးကျန်းမာရေးတို့မှာ အချင်းချင်း အပြန်အလှန် အကျိုးပြုနေကြောင်းကို နောက်ဆုံး လေ့လာတွေ့ရှိချက်တစ်ရပ်တွင် ဖော်ပြပါရှိသည်။ ။

ဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း မကွေးစက်မှုနယ်မြေကြည့်ရှုစစ်ဆေး

စက်ရုံဝန်ထမ်းများ စက်ကိရိယာများအပေါ် ကျွမ်းကျင်မှုရှိရေးမှာကြား

နေပြည်တော် စက်တင်ဘာ ၁၄

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းသည် စက်တင်ဘာ ၁၃ရက် နံနက်ပိုင်းတွင် မကွေးစက်မှုနယ်မြေသို့ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ တာဝန်ရှိသူများက စီမံကိန်းလုပ်ငန်းများ တည်ဆောက်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက အကြီးစားကုန်တင်ယာဉ်ထုတ်လုပ်မှု စက်ရုံစီမံကိန်း(မကွေး)သည် တည်ဆောက်ရေးလုပ်ငန်းများ မကြာမီပြီးစီးတော့မည်ဖြစ်၍ စက်ရုံဝန်ထမ်းများအနေဖြင့် တပ်ဆင်အသုံးပြုမည့်စက်ကိရိယာများအပေါ် ကျွမ်းကျင်မှုရှိစေရန်နှင့် စက်ရုံစတင်ဖွင့်လှစ်သည်နှင့်တစ်ပြိုင်နက် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့အတွက်ရည်မှန်းပြီး ကြိုတင်ပြင်ဆင်မှုများ အလေးထားဆောင်ရွက်သွားကြရန် စသည်ဖြင့် မှာကြားသည်။

ထို့နောက် Transmission အလုပ်ရုံ တည်ဆောက်နေမှု၊ Parts Manufacturing အလုပ်ရုံတည်ဆောက်နေမှုနှင့် ယာယီဝန်ထမ်းအိမ်ရာများတည်ဆောက်ပြီးစီး တိုးတက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၉-၂၀၀၉ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+မေတ္တာသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **အားထုတ်တဲ့နေရာ တွေ့အောင်ရှာ** တရားတော်(ပထမပိုင်း) (ဆရာတော် ဘဒ္ဒန္တသောဘဏ)
- ၆:၄၅ ဓမ္မစကြာတရားဦးဟောရာ မိဂဒါဝုန်မှာ သံဝေဂရယူပါ
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ရင်ခုန်သံများဆုံစည်းရာ** (အပိုင်း-၆)
- ၈:၃၀ Sunday Talk
- ၉:၂၀ Sports World (Yadanarbon F.C) သတင်းစာရှင်းလင်းပွဲ
- ၉:၄၅ အန္တေးထွေးဆုံးလက်တစ်စုံ
- ၁၀:၀၀ ယုံကြည်မှုအပြည့်အဝဖြင့် နိုးထလာသောနံနက်ခင်း
- ၁၀:၁၅ တေးဂီတအစီအစဉ်
- ၁၀:၄၀ Cartoon Show Time (The Table of Despereaux)
- ၁၁:၀၀ သမိုင်းတွင် ထင်ရှားတောက်ပသူ တချို့၏စတင်ရာ
- ၁၁:၃၀ Activities in the City Art & T8 Hair & Beauty Centre ဖွင့်လှစ်ခြင်း
- ၁၁:၃၅ **ဇင်ဇင်နှင့်ခြင်ကျား** ဇင်ဇင်ဇော်မြင့်၊ လင်းလင်းဇော်မြင့် (ဒါရိုက်တာ- အကယ်ဒမီ စင်ရော်မောင်မောင်)
- ၁၁:၅၀ သင်ကြားရေးလမ်းညွှန် (သံလွင် Language Centre)
- ၁၂:၁၅ ယဉ်ကျေးသွင်ပြင် ဝတ်စားဆင်ပိုးချိတ်အသွင်
- ၁၂:၄၀ သူ့ဘဝနှင့်သူ၏အနုပညာ အကပညာရှင် ဦးသန်းအောင် (ပန်တျာမန်း)နှင့် တွေ့ဆုံခြင်း
- ၁:၀၀ **အားထုတ်တဲ့နေရာ တွေ့အောင်ရှာ** တရားတော်(ပထမပိုင်း) ဆရာတော် ဘဒ္ဒန္တသောဘဏ
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ Fashion Music Festival (သနပ်ခါးဖက်ရှင်)
- ၃:၄၀ ရွှေတန့်တစ်လျှပ်စစ်မြစ်ရေတင်လုပ်ငန်းနှင့် ဖွံ့ဖြိုးတိုးတက်နေသော ရွှေတန့်တစ်စံပြကျေးရွာ
- ၃:၅၅ ဖွံ့ဖြိုးတိုးတက်ဝေဆာနေ… တောင်ကုတ်အလှမြေ
- ၄:၁၅ စားသုံးသူတို့လိုအပ်ချက် ရေတာရှည်သကြားစက်
- ၄:၄၀ သမိုင်းတွင်ထင်ရှားတောက်ပသူ တချို့၏စတင်ရာ
- ၅:၀၀ World of Knowledge (Hyper Rescue Tokyo)
- ၅:၅၀ စိုက်ပျိုးဝေဆာတို့မြေမှာ (မင်သော်ပရုပ်အေး)
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ သင်ကြားရေးလမ်းညွှန် (သံလွင် Language Centre)
- ၆:၄၀ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ မိုးရာသီကြိုတင်ကာကွယ်မှု လုပ်ငန်းများ
- ၇:၀၀ Fashion Music Festival (သနပ်ခါးဖက်ရှင်)
- ၇:၄၅ Celebrity Style (သရုပ်ဆောင်ရဝေအောင်နှင့် တွေ့ဆုံခြင်း)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ Cartoon Show Time (The Table of Despereaux)
- ၉:၀၅ စိုက်ပျိုးဝေဆာ တို့မြေမှာ (မင်သော်ပရုပ်အေး)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ရင်ခုန်သံများဆုံစည်းရာ** (အပိုင်း-၆)
- ၁၀:၀၀ အန္တေးထွေးဆုံး လက်တစ်စုံ
- ၁၀:၁၅ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၁၂:၀၀ အဖိုးတန်ဆေးဖက်ဝင် မြန်မာ့တိုင်းရင်းဆေးဥယျာဉ်
- ၁၂:၁၅ ရ-ရထားကြီးပျော်ပျော်စီး
- ၁၂:၃၀ ကျွန်းမျောပေါ်က ခရမ်းချဉ်သီး
- ၁၂:၅၀ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး၏ မိုးရာသီ ကြိုတင်ကာကွယ်မှုလုပ်ငန်းများ
- ၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဆန်များကြိတ်ခွဲထုတ်လုပ်မှု သင်တန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၁၄

မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းကကြီးမှူး၍ ကမ္ဘာ့ဈေးကွက်ဝင် ဆန်များ ကြိတ်ခွဲထုတ်လုပ်မှုသင်တန်း (၁/၂၀၀၉)ကို အောက်တိုဘာ ၅ရက်မှ ၁၂ရက်အထိ နေ့စဉ်နံနက်၈နာရီခွဲမှ ညနေ ၅နာရီအထိ ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် အမှတ်(၄၄၇) ဆိပ်ကမ်းသာလမ်း ရွှေလင်ပန်း စက်မှုဇုန်ရှိ မြန်မာဆန်စက်ကုမ္ပဏီ၌ ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး သင်တန်းတက်ရောက်လိုသူများသည် စက်တင်ဘာ ၃၀ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း ဖုန်း-၂၁၄၈၄၉နှင့် ၂၁၆၆၅၈ တို့သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မင်္ဂလာဒုံဂေါက်ကလပ်၌ တစ်ချက်တည်းကျင်းဝင်ခဲ့

ရန်ကုန် စက်တင်ဘာ ၁၄

မင်္ဂလာဒုံဂေါက်အင်န်ကန်းထရီး ကလပ်(Royal Mingalardon Golf & Country Club)တွင် ဦးထွန်းလှိုင် (Yin Lon Group)သည် ကစားဖော်များဖြစ်ကြသော ဦးကျော်ဝင်း၊ ဦးသီဟလွင်၊ ဦးဝင်းအောင်တို့နှင့်အတူ စက်တင်ဘာ ၂ရက်က ကစားစဉ် ကိုက် ၁၆၀အကွာအဝေးရှိ ကျင်းအမှတ် ၁၅ပါ သုံးချက်ကျင်းသို့ Callaway သံတုတ်နံပါတ်(၇)ဖြင့် Bridgestone Tour B 330 နံပါတ်(၄)ဘောလုံးကိုရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့ကြောင်းသိရသည်။ ယင်းကလပ်ကို ယခုနှစ်မေလက စတင်ဖွင့်လှစ်ခဲ့ရာ ဦးထွန်းလှိုင်သည် ပထမဆုံး Hole-in-One ကို ရရှိသူဖြစ်သည်။ **(ဂေါက်သီးအဖွဲ့ချုပ်)**

မြန်မာနိုင်ငံဆရာဝန်အသင်း သက်ကြီးပူဇော်ပွဲ

ရန်ကုန် စက်တင်ဘာ ၁၄

မြန်မာနိုင်ငံဆရာဝန်အသင်း၏ (၂၇)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို မြန်မာနိုင်ငံ ဆရာဝန်အသင်း(ရန်ကုန်)အမျိုးသမီး ဆရာဝန်များအဖွဲ့ကကြီးမှူး၍ လာမည့် ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်၌ကျင်းပမည်ဖြစ်ရာ လက်ရှိ ရန်ကုန်မြို့တွင်နေထိုင်ကြသော အသက်(၇၃)နှစ်နှင့်အထက် (၁၉၃၆ခုနှစ် ဒီဇင်ဘာလအတွင်း မွေးဖွားခဲ့ကြသော)သက်ကြီးဆရာဝန်ကြီးများသည် ရုံးချိန်အတွင်း(စနေ၊ တနင်္ဂနွေမှအပ) အောက်တိုဘာ ၃၀ရက်နောက်ဆုံးထား၍ ဒေါက်တာဒေါ်ခင်မာအေး ဖုန်း-၀၉-၅၁-၃၇၈၂၃၊ ဒေါက်တာ ဒေါ်ယုယုလွင် ဖုန်း-၀၉- ၅၁-၃၇၅၇၀၊ အမျိုးသမီးဆရာဝန်များအဖွဲ့ မြန်မာနိုင်ငံဆရာဝန် အသင်း (ရန်ကုန်) အမှတ်၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန် ဖုန်း-၃၇၈၈၆၃၊ ၃၈၀၈၉၉တို့သို့ ဆက်သွယ်စာရင်း ပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပစ်တိုင်းထောင်လမ်း (အေးသာယာ)ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန် လမ်းခင်းကျောက်များ စုဆောင်းထားရှိမှုကို အမှုဆောင်အရာရှိ ဦးအောင်မြင့်နှင့် တာဝန်ခံအင်ဂျင်နီယာမှူး ဦးအောင်နိုင်ထွန်းတို့ ကွင်းဆင်းစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၁၄

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၆၈၃)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉လမ်းထောင့်) Central Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ "၂၀၁၀ပြည့်နှစ်နောက်ပိုင်း ပြောင်းလဲတိုးတက်လာမည့်အပေါ် အိမ်ခြံမြေလောကက အလားအလာကောင်းများ မျှော်မှန်းထား၊ ကြည့်မြင်တိုင်အနောက်ဘက်ကမ်းရှိရွာ ၁၀ရွာကို အဆင့်မီ ရပ်ကွက်များအဖြစ်ပြောင်းလဲမည်၊ နေပြည်တော်-ရန်ကုန်ပြေးယာဉ်များ သောကြာနေ့တစ်ရက်တွင် ၂၄နာရီ ဝင်ခွင့်ပေး၊ အိန္ဒိယမှ ကြက်သွန်နီတန်ချိန် ၁၂၀ရောက်ရှိ မူလတန်းအရွယ်ကလေး ၆၀၀ကျော်က ပန်းချီကားပေါင်း ၈၀၀ပြိုင်ပွဲဝင်ခဲ့၊ ရာသီဥတုပြောင်းလဲမှုကြောင့် ယခုနှစ်တွင် သဘာဝငါးများ ရှားမည်ဟုဆို၊ ယာဉ်မျိုးစုံ အစီး ၈၀၀ခန့်ရောင်းမည့် ကျိုင်းတုံက လေလံပွဲကို စိတ်ဝင်စားနေကြ၊ စားသုံးရန်မသင့်သည့် စားသောက်ကုန်များကို နှစ်ပတ်တစ်ကြိမ် ထုတ်ပြန်ကြေညာသွားမည်၊ ယခုနှစ်တွင် မိုးရာသီသုံးလခွဲခန့်သာရှိ အောင်ဆန်းကွင်းကို မြက်ခင်းတုကွင်းအဖြစ် ပြောင်းလဲရန် အစီအစဉ်မရှိသေးဟုဆို၊ မြန်မာ-ထိုင်း စီးပွားရေးလုပ်ငန်းရှင်များ အကျိုးတူပူးပေါင်းမည်၊ မျိုးသုဉ်းလုနီးပါး ရှားပါးလိပ်တစ်မျိုးကို မြန်မာနိုင်ငံတွင် ပထမဆုံးတွေ့ရှိ၊ အရေပြားရောဂါတစ်မျိုးအတွက် ငွေဓာတ်ပါသောဆေးများလိမ်းရာမှ မျက်နှာအပြာရောင်သို့ပြောင်းသွားခဲ့၊ အကြိမ် ၃၂၀မြောက် သွေးလှူဒါန်းလိုက်သူ၊ တစ်နှစ်သမီးလေး၏ဗိုက်ထဲမှ သန္ဓေသားကို ခွဲစိတ်ထုတ်ယူရတော့မည်၊ မြောက်ကိုရီးယားရေကာတာမှ ရေများစီးဆင်းလာခြင်းကြောင့် တောင်ကိုရီးယားခြောက်ဦး ပျောက်ဆုံးခဲ့ရပြီးနောက် …၊ ကားနမ်းပြိုင်ပွဲဝင်မိန်းကလေး ၂၀၀အနက် အလှပဆုံးနှုတ်ခမ်းလွှာထင်စေသူ ကားသစ်တစ်စီးရရှိသွား၊ ဆယ်ကျော်သက်တစ်ဦးက လူ၏ဆံပင်ကို အသုံးပြုပြီး ဆိုလာပြားများတီထွင်၊ အစွယ်ပါသော ဖားနှင့် ဝက်အော်သံပြုနိုင်သည့် ငါးတို့ကိုတွေ့ရှိ၊ ကမ္ဘာ့အငယ်ဆုံး လေထီးခုန်သမား အသက်ခုနစ်နှစ်သာရှိ၊ ဂျက်လေယာဉ်ခုနစ်စင်းကို အရည်ဖုံးဖြင့် ဖောက်ခွဲမည့် အယ်လ်ကေဒါ သုံးဦးအားဖမ်းမိ၊ မိမိပုံတူကို မိမိ၏သွေးခဲဖြင့် ကိုယ်တိုင်ပန်းပုပြုလုပ်၊ ကမ္ဘာ့ချန်ပီယံ တောင်အာဖရိကအပြေးမယ်၌ လိင်အင်္ဂါနှစ်မျိုးပါရှိနေဟုဆို၊ ရုပ်ရှင်ထဲက ဘိုင်အိုနစ်လူသားကို အမှန်တကယ်ဖန်တီးနိုင်ပြီ …" စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကျကဏ္ဍမျိုးစုံအပြင် "ညောင်တုန်းမြို့နယ်မှ ခြေနှင့်လက်များ မြေပေါ်တွင် ထောက်၍ပက်လက်အနေအထားဖြင့် သွားလာလုပ်ကိုင်နေသူ၊ လွန်ခဲ့သည့်ခုနစ်နှစ်ကျော်က အိုစမာဘင်လာဒင်သေဆုံးခဲ့ပြီးဖြစ်" စသည့် အထူးသတင်းများ အပါအဝင် စာမျက်နှာ ရှစ်မျက်နှာတိုးထားသော်လည်း ဈေးနှုန်းမတက်ဘဲ မေတ္တာလက်ဆောင် အချပ်ပိုများနှင့်အတူ အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အောင်မြေသာစံမြို့နယ် အထက(၁) ပညာရည်ချွန်ဆုရသူများအား ဆုချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၁၄

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရည်ချွန်ဆုနှင်းသဘင်အခမ်းအနားကို စက်တင်ဘာ ၁၁ရက်က အဆိုပါကျောင်း အောင်ရာဇာခန်းမ၌ကျင်းပရာ အမှတ်(၂) အခြေခံပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဦးအေးလွင် တက်ရောက်အားပေးပြီး ပညာရည်ချွန်ဆုများ ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားသို့ မန္တလေးတိုင်း ပညာရေးမှူး(စစ်ဆေးရေး)ဦးအောင်ကြွယ်၊ ဦးစိုးနိုင်၊ မြို့နယ်ပညာရေးမှူး၊ကျောင်းအုပ်ဆရာကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသားများ တက်ရောက်ကြပြီး ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော်မွန်က ကျောင်း၏ဖွံ့ဖြိုးတိုးတက်မှုနှင့် ပညာရည်မြင့်မားတိုးတက်မှုအတွက် ဆောင်ရွက်လျက်ရှိသည်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက်ညွှန်ကြားရေးမှူးချုပ်ဦးအေးလွင်နှင့် တာဝန်ရှိသူများက ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင် သုံးဦးအပါအဝင် ဂုဏ်ထူးရှင်များ(**အပေါ်ပုံ**)နှင့် ကျောင်းတွင်းပညာရည်ချွန်ဆုရသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။ **(သတင်းစဉ်)**



ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး အခြေစိုက်အလုပ်ရုံ အမှတ်(၄) မန္တလေးမြို့က ကြီးမှူးဖွင့်လှစ်သော အခြေခံယာဉ်မောင်းသင်တန်းမှ သင်တန်းသား သင်တန်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲအခမ်းအနားကို စက်တင်ဘာ ၁၀ရက်က ကျင်းပရာ မန္တလေးတိုင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန စစ်ဆေးရေးမှူး-၂ ဦးလှတိုးက သင်တန်းသား သင်တန်းသူများအား ပညာပေးဟောပြောစဉ်။ (ကညန)

ကျိုက်ထို၌ စာငှားကတ်စနစ်ဆောင်ရွက်ရေးဆွေးနွေး

ကျိုက်ထို စက်တင်ဘာ ၁၄

မွန်ပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းအောင်သည် ဩဂုတ် ၅ရက်က မြို့နယ်ဦးစီးမှူးဒေါ်ခင်စောလင်းနှင့် ဝန်ထမ်းများလိုက်ပါလျက် ကော့ထင်းကျေးရွာ သုတဘဏ်စာကြည့်တိုက်နှင့် ဘိုရားကြီးကျေးရွာ ယုဝတီစာကြည့်တိုက်သို့သွားရောက်ပြီး ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စာကြည့်တိုက်ကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံပြီး စာကြည့်တိုက်များ စံ(၅)ချက်နှင့်ပြည့်စုံရေး၊ စာငှားကတ်စနစ် ဆောင်ရွက်ရေးတို့ကို ဆွေးနွေးကြပြီး ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် စာကြည့်တိုက်ကော်မတီဝင်များက စာကြည့်တိုက်များ ဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မန္တလေးတိုင်း မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ မြို့အဝင်လမ်းဘေးဝဲယာတစ်လျှောက် အရိပ်ရပင်နှင့် ပန်းအလှပင်များ စိုက်ပျိုးနေမှုကို အမှုဆောင်အရာရှိ ဦးဝင်းဗိုလ် ကြပ်မတ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မော်ရင်ဟိုနဲ့ ဂွါဒီယိုလာအားစမ်းပွဲမှာ အင်တာနဲ့ ဘာကာ ဘယ်လိုဖြစ်လာမှာလဲ

ချန်ပီယံလိဂ်အကြိုသုံးသပ်ချက် - ထွန်းထွန်းဦး(လှိုင်) ❖ စာမျက်နှာဖွဲ့စည်းမှု - ကျင်သန်းဦး

ရန်ကုန် စက်တင်ဘာ ၁၄

ချန်ပီယံလိဂ်အုပ်စုအဆင့်ပွဲစဉ်များ (စက်တင်ဘာ ၁၇ရက်၊ နံနက် ၁း၁၅)

ချန်ပီယံလိဂ်အုပ်စုအဆင့် အဖွင့်ပွဲစဉ်များရဲ့ ဒုတိယနေ့ကို စက်တင်ဘာ ၁၇ရက် နံနက် အစောပိုင်း ၁း၁၅ နာရီမှာ ကစားကြမှာပါ။ ပထမနေ့မှာလည်း ပြိုင်ပွဲဝင်အသင်းတွေဟာ အသာရဖို့အတွက် ကြိုးစားရုန်းကန်ကစားသွားကြရပါတယ်။ ဒုတိယနေ့ပွဲစဉ်တွေမှာလည်း ပြိုင်ပွဲဝင်အသင်းတွေဟာ ဘယ်လိုမျိုးကျော့်ဖြတ်လာကြမလဲ။ စောင့်ကြည့်ရဦးမယ့် ပွဲကောင်းတွေကလည်း ရှိနေကြသေးတော့ ပထမနေ့ပွဲတွေလိုပဲ လက်လွှတ်မခံဘဲ စောင့်ကြည့်သင့်တယ်လို့ ပြောရမှာပါ။ ဒီပွဲစဉ်တွေမှာ အင်တာမီလန်နဲ့ ဘာစီလိုနာ၊ စတုဂတ်နဲ့ရိန်းဂျား၊ လိုင်ယွန်နဲ့ ဖီအိုရင်တီးနားတို့ပွဲတွေဟာ ပွဲကောင်းတွေလို့ ဆိုရပါလိမ့်မယ်။

အုပ်စု(င)

လီဗာပူး-ဒီဘရီစီနီ

ဟန်ဂေရီကလပ်ဖြစ်တဲ့ ဒီဘရီစီနီအနေနဲ့ လီဗာပူး အပေါ်မှာ ခံစစ်အလုံပိတ်ဆို့ပြီး ကစားမှာဆိုတော့ အိမ်ရှင်အသင်းအနေနဲ့ ဖိအားပေးဂိုးသွင်းဖို့ဆိုတာ လွယ်နိုင်ပါ့မလား။ တစ်ချက်ရှိတာက လီဗာပူးဟာ အုပ်စုအဆင့် အဖွင့်ပွဲ ဖြစ်တာကြောင့် အိမ်ကွင်းအားသာချက်ကို လက်လွှတ်ခံကစားမယ် မထင်မိဘူး။ ရှိတဲ့ကစားအားနဲ့ ကစားသမားတွေကို မွှေနှောက်ပြီး နည်းပြဘင်နီတက်ဇ်က ပုံစံချထားမှာဆိုတော့ ဒီဘရီစီနီအဖို့တော့ ဒီပွဲမှာ ပေးဂိုး မရှိရအောင်ကစားကြဖို့ဟာ လွယ်လှမယ် မထင်မိဘူး။ ဒါကြောင့် ဒီဘရီစီနီရဲ့ ခံစစ်ကစားမှုကို လီဗာပူးဟာ အရရှုန်းထွက်ပြီး အိမ်ရှင်ပီသစွာနဲ့ အနိုင်သုံးမှတ်ကို ပရိသတ်အကြိုက် ယူပြမှာပါ။ ဒီတော့ အိမ်ရှင်ကိုပဲ အလေးပေးပါတယ်။

ပရီမီယာလိဂ်မှာ ရလဒ်မကောင်းပေမယ့် ချန်ပီယံလိဂ်မှာ ကြိုးစားမယ်ဆိုတဲ့ လီဗာပူး။

အုပ်စု(စ)

အင်တာမီလန်-ဘာစီလိုနာ

အီတူးနဲ့အီဘရာဟင်မိုဗစ်တို့နှစ်ဦးက ကလပ်အသင်းဟောင်းနဲ့အသီးသီး ပြန်ဆုံကြတာပါ။ နည်းပြတွေဖြစ်တဲ့ မော်ရင်ဟိုနဲ့ ဂွါဒီယိုလာတို့ဟာလည်း သိက္ခာအတွက်ရော၊ ရပ်တည်မှုအတွက်ပါ ကစားကြရမယ့်ပွဲတွေလို ဖြစ်နေတာကြောင့် အမှားမရှိအောင်လို့ ကစားကွက်နဲ့ ကစားသမားတွေကို ပုံစံချထားကြမှာပါ။ နောက်ပြီးဒီအသင်းတွေရဲ့ ပြင်ဆင်ထားပုံကလည်း ဒီရာသီမှာ အကောင်းဆုံးလို ဖြစ်နေပါတယ်။ တိုက်စစ်ထက်သန်တဲ့ နှစ်သင်းစလုံးအနေနဲ့ အခုပွဲမှာ ခံစစ်ကစားပုံကိုသိပ်အသုံးချမှာမဟုတ်တာကလည်း ရှိနေတော့ အကောင်းဆုံးတိုက်စစ်ကို အကောင်းဆုံးသော ခံစစ်သဖွယ် ခြေကုပ်ယူပြီး ကစားကြမှာမို့ ပရိသတ်အကြိုက် ပွဲကောင်းတစ်ပွဲဖြစ်လာနိုင်ပါတယ်။ အင်တာနဲ့ ဘာစီလိုနာဟာ ၂၀၀၂-၂၀၀၃ မှာ တစ်ကြိမ်၊ ၂၀၀၇-၂၀၀၈ မှာတစ်ကြိမ် စုစုပေါင်း နှစ်ခါတောင် ဆုံခဲ့ဖူးပါတယ်။ ဘာစီလိုနာကပဲ အနိုင်နဲ့ သရေ ကစားသွားနိုင်ခဲ့တာ ထိပ်တိုက်တွေ့ဆုံမှုမှာ ရှိနေပါတယ်။ မော်ရင်ဟိုအနေနဲ့လည်း ချယ်လ်ဆီးနည်းပြဘဝမှာ ဘာစီလိုနာနဲ့ ရှုံးထားခဲ့ဖူးတဲ့အတွေ့အကြုံက ရှိနေသေးပြန်တော့ ဘာစီလိုနာရဲ့ အနေအထားကိုရိပ်စားမိလောက်မှာပါ။ ပြီးတော့ နှစ်ပေါင်းများစွာတွဲလာကြတဲ့ အီတူးနဲ့ ဘာစီလိုနာအတွင်းရေးကိုပါ မော်ရင်ဟိုကရထားတော့ ဘာစီလိုနာရဲ့ အားပျော့နေမှုတွေကို အင်တာဘက်ကနေပြီး ကစားသွားနိုင်သလို အီဘရာဟင်မိုဗစ်နဲ့ မက်ဆီကလဲ အင်တာရဲ့ပျော့ကွက်ကိုအသုံးချပြီး ဘာစီလိုနာဘက်တော်သားတွေအနေနဲ့ ပွဲထွက်လာဖို့ ရှိပါသေးတယ်။

ဒီပွဲဟာ တစ်သင်းနဲ့တစ်သင်း တိုက်စစ်ဖွင့် အပြန်အလှန်ကစားရင်း နောက်ဆုံးမှာဂိုးတွေသွင်းပြီး သရေတစ်မှတ်စီခွဲယူကြဖို့ ရှိနေတဲ့ပွဲပါ။ ဒါတောင်မက်ဆီနဲ့ အွန်နရီ၊ မက်ဆီနဲ့ အီဘရာဟင်မိုဗစ်တို့အပြင် အင်နီယေစတာနဲ့ ရှာဗီတို့ရဲ့ တွဲလုံးတွေအောက်မှာ အသက်ရနေပြီဖြစ်တဲ့ လူစီယိုနဲ့ မာတာရာဇီတို့ အညံ့ခံလိုက်ရဦးမယ်ဆိုရင် မထင်မှတ်ဘဲ ရှုံးတောင်ရှုံးနိုင်သေးလို့ ညွှေ့သည်အသင်းနဲ့ပဲ အတူတူနေလိုက်ရပါတယ်။ ဒါကလည်း မော်ရင်ဟိုရဲ့ နိုင်လိုစိတ်ကြီးမားမှုကြောင့် မထင်မှတ်တဲ့ အားနည်းချက်ဟာ ဘာစီလိုနာအဖို့ အားဖြစ်သွားစေနိုင်လို့ပါပဲ။

အုပ်စု(ဇ)

စတန်းဒတ်လိဂ်-အာဆင်နယ်

ဘယ်လ်ဂျီယံကလပ်ကို အာဆင်နယ်အနေနဲ့ အစပိုင်းမှာ တော်တော်လေး ထိုးဖောက်ကစားရတာခက်နေနိုင်ပါတယ်။ ဒါပေမယ့် နောက်ပိုင်းကျရင်တော့ ဗန်ပါစီနဲ့ ဖာဘရီဂတ်စ်တို့ရဲ့ အားသာချက်တွေနဲ့အတူ မြန်နှုန်းမြင့် စွမ်းဆောင်နိုင်မှုတွေကြောင့် စတန်းဒတ်လိဂ်အပေါ် အာဆင်နယ်ဟာ ပြန်လည်ဖိအားပေးကစားရင်း အသာရသွားလောက်တဲ့အထိရှိနေတယ်။ နောက်တစ်ချက်က အာဆင်နယ်လူငယ်ကစားသမားတွေရဲ့ အဝေးကွင်းရုန်းအားဟာ မထင်မှတ်တာတွေလုပ်ပြတတ်လွန်းတာကြောင့် စတန်းဒတ်လိဂ်အဖို့ ခံစစ်ပိုင်းဖရိုဖရဲဖြစ်ပြီး ကျဆုံးသွား နိုင်တာကို သုံးသပ်မိလို့ပါပဲ။ ဒါကြောင့် အာဆင်နယ်ပဲ သုံးမှတ်ပေးထားမိပါတယ်။

အုပ်စု(ဆ)

စတုဂတ်-ရိန်းဂျား

စကော့တလန်ကလပ် ရိန်းဂျားကလည်း စတုဂတ်နဲ့ ကစားထားတဲ့ အတွေ့အကြုံကရှိနေတော့ အဝေးကွင်းမှာ ခံကစားမှာ ဖြစ်ပါတယ်။ စတုဂတ်မှာ ဂိုမက်ဇ်မရှိတော့ တာကြောင့် တိုက်စစ်အားနည်းနေပါတယ်။ ပိုကရက်ညက်ကို ပြန်လည်ခေါ်ယူထားသလို လှက်ဘ် ပြန်ရောက်နေပေမယ့် ပုံမှန်ခြေစွမ်းက ပြန်ပြီးဖမ်းမရသေးဘူး။ ဒါကြောင့် ဒီပွဲမှာ ရိန်းဂျားတန်ပြန်ဖိအားပေးမှုကို ခံရနိုင်ပါသေးတယ်။ အရင်နှစ်ခေါက်ဆုံတွေ့မှုမှာ ရိန်းဂျားကို စတုဂတ်ဟာ၃ဂိုး-၂ဂိုးနဲ့တစ်ကြိမ်၊ ၁ဂိုး-ဂိုးမရှိနဲ့တစ်ကြိမ် အိမ်ကွင်းမှာ ဒုက္ခပေးခဲ့ပေမယ့် ဒီတစ်ခါတော့ လူသစ်တွေနဲ့ ခရီးသစ်ပြန်စနေရတဲ့ အိမ်ရှင်ဟာ သရေမျှသာ အမြင့်ဆုံးကစားနိုင်မှာပါလို့ ပြောချင်ပါတယ်။

အုပ်စု(ဆ)

ဆီဗီလာ-ယူနီရီယာ

ရိုမေးနီးယားကလပ် ယူနီရီယာအတွက်တော့ ချန်ပီယံလိဂ်အတွေ့အကြုံနည်းပေမယ့် ထုံးစံအတိုင်း အသင်းကြီးတွေနဲ့ ပွဲမှာအိမ်ဖြည့်အဆင့်ကနေ လွတ်ထွက်အောင် ဒုက္ခပေးကစားမှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဆီဗီလာ အနေနဲ့ ဒီပွဲမှာ အိမ်ကွင်းအားသာချက်နဲ့ ပရိသတ်အားပေးမှုကို ဒုတိယတိုက်စစ်သဖွယ် အလေးထားပြီး လက်နက်သဖွယ်အသုံးချကာ ယူနီရီယာလိုအသင်းကို ယှဉ်ရမှာပါ။ ဆီဗီလာကလည်း အိမ်ကွင်းမှာခြေမှန် ထိန်းထားနိုင်ပေမယ့် မကြာခဏ အမှားများနေတဲ့ကစားသမားတွေ ရှိနေကြသေးတာကြောင့် ယူနီရီယာရဲ့ ဖိအားပေးမှုကို ပြန်ပြီးခံကစားနိုင်ပါသေးတယ်။ ဆီဗီလာ အနေနဲ့ ဒီပွဲမှာ ဧည့်သည်ရဲ့ ရုန်းထွက်မှုအောက်မှာ သရေမကျရအောင် တန်ပြန်ထိုးစစ်ဆင်နိုင်ပါမှ အသာရမယ့် အနေအထားပါပဲ။

အုပ်စု(စ)

ဒိုင်နမိုကိဗ်-ရူဘင်ကာဇန်

အိမ်ရှင်အသင်းမှာ ရှက်ဖ်ချင်ကိုပြန်ရောက်နေလို့ တိုက်စစ်ပိုင်း ထက်မြက်မှု ပိုရှိလာတယ်လို့ ဆိုနိုင်ပါတယ်။ ဒါကြောင့် ရုရှားကလပ်လည်း ခံစစ်ပိုင်းမှာ အနည်းငယ်မှားလိုက်တာနဲ့ ဒုက္ခတွေ့သွားနိုင်ဖို့ ရှိနေပါတယ်။ ရှက်ဖ်ချင်ကိုဟာ နောက်တစ်ကျော့ပြန်ပေါက်ကွဲမှုနဲ့ ကစားမှာဆိုတော့ ရူဘင်ကာဇန်ကို ဂိုးရအောင်လို့သွင်းဦးမှာပါ။ ဥရောပအနှံ့မှာ ခြေဆန့်ခဲ့တဲ့အတွေ့အကြုံနဲ့ ရုရှားကလပ် ရူဘင်ကာဇန်ကို ရင်ဆိုင်မယ့်အတွက် ရှက်ဖ်ချင်ကိုဟာ ရူဘင်ကာဇန်တို့ရဲ့ အကြီးမားဆုံးအန္တရာယ်ဖြစ်နေပါတယ်။ အိမ်ရှင်အသင်းဟာ ခြေအသာရနိုင်ဖို့ ဂိုးသွင်းရတာ မချောင်နိုင်သော်လည်း ပရိသတ်ဖိအားတွေကြောင့် နောက်ဆုံးမှာ အနိုင်ရသွားဖို့ ရှိနေသေးလို့ ဒိုင်နမိုကိဗ်ကိုပဲ အကြိုက်တွေ့မိပါတယ်။

အုပ်စု(ဇ)

အိုလံပီယာကော့စ်-အယ်လ်ကမာ

နယ်သာလန်ကလပ်ဖြစ်တဲ့အယ်လ်ကမာဟာ ဂရိမြေပေါ်မှာ အကောင်းဆုံးခြေစွမ်းကစားဖို့ မလွယ်လှပါဘူး။ အယ်လ်ကမာဟာ နည်းပြကောင်းမရှိတော့လို့ စွမ်းဆောင်မှုနှုန်းထား ပြန်ကျနေပါတယ်။ ဗန်ဟားလ်က ဘိုင်ယန်ရောက်သွားလို့ အယ်လ်ကမာဟာ နည်းပြသစ်နဲ့ ခရီးဆက်နေရတယ်။ အိုလံပီယာကော့စ်ကလည်း အရင်ကတည်းက ခြေစွာတဲ့ကလပ်လိုဖြစ်နေတော့ အယ်လ်ကမာလိုအသင်းအပေါ် အုပ်စုအဖွင့်ပွဲမှာ ဖိအားပေးကစားမှာ သေချာပါတယ်။ ဒါကြောင့်လည်း အယ်လ်ကမာဟာ ဒီပွဲမှာ တန်ပြန်တိုက်စစ်နဲ့ ကစားနိုင်တာတောင် အိုလံပီယာကော့စ်ရဲ့ ထိုးစစ်ကို ပြန်ထိန်းရတာမလွယ်နိုင်လို့ နောက်ဆုံးမှာ ကပ်ပြီးအရှုံးနိမ့်ဖို့ရှိနေတဲ့ ပွဲပါပဲ။

အုပ်စု(င)

လိုင်ယွန်-ဖီအိုရင်တီးနား

မနှစ်က ဒီနှစ်သင်း ဆုံခဲ့ပြီးပါပြီ၊လိုင်ယွန်မြေပေါ်မှာ ၂-၂သရေကျကြတယ်။ ဒီနှစ်တော့ ဖီအိုရင်တီးနားအတွက် ထင်သလောက် မလွယ်နိုင်တော့ပါဘူး။ မူတူးက တရားရေးရာရင်ဆိုင်နေရလို့ ဘောလုံးပွဲအပေါ်မှာ စိတ်ရောကိုယ်ပါနှစ်ပြီး ကစားနိုင်စွမ်းမှာ နည်းနေသလိုအသင်းရဲ့ ခံစစ်မှာလည်း ကစားသမားအသစ်တွေ ရောက်လာပြန်တာကြောင့် သိပ်ပြီးအထိုင်မကျသလိုဖြစ်နေပြန်ပါတယ်။ ဒါကြောင့်လည်းပဲ ဖီအိုရင်တီးနားဟာ ခံစစ်အလေးပေးကစားရပါပြီ။ လိုင်ယွန်ရဲ့ တိုက်စစ်မှာက လက်ဆန်ဒရိုတာ ဘင်ဇီမာနေရာအစားဝင်ပြီး သွက်သွက်လက်လက်နဲ့ ခြေစွာနေတာကြောင့် အသင်းတိုင်း စောင့်ကြည့်နေရပါတယ်။ ဒီပွဲမှာလည်း လိုင်ယွန်အတွက် လက်ဆန်ဒရိုဟာ အကောင်းဆုံး ပေးဆပ်ကစားမှာသေချာပါတယ်။ လိုင်ယွန်ကသာ ဖီအိုရင်တီးနားကို အနိုင်ယူကစားဖို့ သေချာနေတဲ့ပွဲဖြစ်တာကြောင့် ဧည့်သည်နဲ့ ခပ်ဝေးဝေးမှာနေလိုက်ကြရအောင်ပါ။ ။ **(မြန်မာ့အလင်း)**

အီတလီစီးရီးအေချန်ပီယံ အင်တာမီလန်။

15-9 (11).pmd 1 9/14/2009, 3:00 PM

* *ကျောဖုံးမှ*

ဒေသတစ်ခုစိမ်းလန်းစိုပြည်ရေးတွင် ရေနှင့် မြေသည် အဓိကဖြစ်၏။ သစ်ပင်သစ်တောက စိမ်းလန်းစိုပြည်သည့် သဘာဝကို သရုပ်ဖော်သည်။ မြန်မာပြည်အလယ်ပိုင်းအညာမြေ မိတ္ထီလာခရိုင်သည် မိုးရွာသွန်းမှုနည်းပါးသော ဒေသတစ်ခုဖြစ်ရာ မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာနနှင့် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနတို့ပူးပေါင်းကာ မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်နေပြီ ဖြစ်သည်။

“စိုက်ပျိုးမြေရှိရာကို စိုက်ပျိုးရေပေးဝေနိုင်ရေးဟာ အဓိကလုပ်ငန်းဖြစ်ပါတယ်။” ဦးကျော်ချစ် ညွှန်ကြားရေးမှူး တည်ဆောက်ရေး(၇) မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးစီမံကိန်း

စိမ်းလန်းစိုပြည်ရေး

မိတ္ထီလာခရိုင်အတွင်း ဆည်ရေသောက် ဧရိယာ ၁၆၀၁၃၇ ဧကရှိပြီး ဆည်ငယ်၊ ကန်ငယ် ၆၂ခုရှိသည်။ နှစ်ကာလရှည်ကြာလာပြီဖြစ်၍ ဆည်ကန်များအတွင်း နုန်းပို့ချလာမှုများရှိသဖြင့် ရေလှောင်ပမာဏလည်း လျော့နည်းလာခဲ့သည်။ မိုးရွာသွန်းမှု နည်းပါးသည့်နှစ်များတွင် ကန်အတွင်း စီးဝင်ရေနည်းပါးလာခဲ့ရာ နှစ်အလိုက် မိုးစပါး၊ နွေစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးလျာထား သတ်မှတ်ချက်ထက် လျော့နည်းမှု မရှိစေရေးအတွက် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

တွေ့ဆုံမေးမြန်း

မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းနှင့် ပတ်သက်၍ လုပ်ငန်းဆောင်ရွက်နေမှုများကို သိရှိနိုင်ရန် မြန်မာ့အလင်းသတင်းအဖွဲ့သည် လွန်ခဲ့သော ဩဂုတ်၂၃ရက်က မိတ္ထီလာမြို့ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၇) ညွှန်ကြားရေးမှူးရုံးသို့ ကွင်းဆင်းသွားရောက်ပြီး ညွှန်ကြားရေးမှူး ဦးကျော်ချစ်နှင့် တွေ့ဆုံမေးမြန်းခဲ့ရာတွင်-

“မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးအတွက် အဓိက လုပ်ငန်းကတော့ စိုက်ပျိုးမြေများရှိရာသို့ စိုက်ပျိုးရေပေးဝေနိုင်ရေးဖြစ်ပါတယ်။ ဆည်မြောင်းဦးစီးဌာနရဲ့တည်ဆောက်ပြီး၊ တည်ဆောက်ဆဲရေလှောင်တမံများမှ ရေများကို ရေမြောင်းများတူးဖော်ပြီး ရေသွယ်ပေးခြင်းနဲ့ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနမှ လျှပ်စစ်ရေတင်စီမံကိန်းများဖြင့် ရေသွယ်ပို့ခြင်းလုပ်ငန်းများ ပြုလုပ်လျက်ရှိပါတယ်” ဟု ရှင်းပြသည်။

ရေလုံလောက်စွာပေးဝေ

စိုက်ပျိုးရေရရှိရန် နည်းလမ်းအဆင့်ဆင့်ဖြင့် ဆောင်ရွက်ပြီးစီးမှုများ၊ ဆက်လက်ဆောင်ရွက်သွားရန်များကို ပြောကြားရာတွင် “ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ် ကျိုင်းခမ်းရွာအနီး နမ့်အက်ချောင်းကိုပိတ်ပြီး တည်ဆောက်နေတဲ့ ကျိုင်းခမ်းရေလှောင်တမံမှရေကို တည်ဆောက်ပြီးဖြစ်တဲ့ လက်ရှိဇော်ဂျီရေလှောင်တမံအတွင်းသို့ ၁၄မိုင် ရှည်လျားတဲ့ ဆက်သွယ်မြောင်းဖောက်လုပ်ကာ ရေသွယ်ပေးမှာဖြစ်ပါတယ်၊ ဇော်ဂျီတမံမှရေကို ယခုတည်ဆောက်နေတဲ့ မြို့ကြီးရေလှောင်တမံသို့ ဇော်ဂျီမြစ်ကြောင်းအတိုင်း လွှတ်ပေးပြီးတဲ့နောက် မြို့ကြီးတမံက သိုလှောင်ရေကို ထိန်းချုပ်အသုံးပြုပြီး သီးနှံ ဧရိယာတိုးချဲ့ဖို့ လျာထားပြီးဖြစ်တဲ့ ဇော်ဂျီ ရေသောက်စနစ်ကို ရေလုံလောက်စွာ ပေးဝေနိုင်ဖို့နဲ့ မိတ္ထီလာ လွင်ပြင်စိုက်ပျိုးရေကို တစ်နှစ် ၄၄၅၆၀၅ဧကပေခန့် ပို့လွှတ်ပေးဝေဖို့ဖြစ်ပါတယ်”ဟု မြန်မာ့အလင်းသို့ ဆက်လက်ရှင်းပြသည်။

ရေပေးဝေမည်

ဒေသအတွင်း တည်ဆောက်ပြီး ဖြစ်သည့် မြို့ကြီးရေလွှဲဆည်မှ ထုတ်လွှတ်ရေ ဧကပေ ၁၁ဒသမ ၅၀သိန်းအနက် ခုနစ်သိန်းကိုသာ ဇော်ဂျီရေသောက်စနစ်သို့ ပေးသွင်းမည်ဖြစ်ပြီး ကျန်ဧကပေ ၄ဒသမ ၄၅သိန်းကို တမံတွင်သိုလှောင်ထားကာ ငလိုင်းဇင်မြောင်းနှင့် ပြောင်းပြာမြောင်းတို့မှ ဧကပေ ၂ဒသမ၇သိန်းကို ပေးဝေမှာဖြစ်ကြောင်း၊ ကျန်ရေများကို ကင်းတားရေသောက်စနစ်၏ ပန်းလောင်တိုက်ရိုက်ရေသောက်စနစ် လိုအပ်မည့်နေရာများကို ဖြည့်ဆည်းပေးရန် ဖြစ်ပါကြောင်း၊ ယင်းအပြင် ကင်းတားရေလွှဲဆည်မှ အရှည် ၂၄မိုင်ရှိသည့် မိတ္ထီလာလွင်ပြင် မြောင်းမကြီး ဖောက်လုပ်နေပြီဖြစ်ရာ မြောင်းမကြီးဘေးတစ်လျှောက်ရှိ မြစ်သားမြို့နယ် မိုင်းမောဒေသ ဧက ၃၀၀၀နှင့် မိတ္ထီလာလွင်ပြင်ဒေသအတွင်း စိုက်ပျိုးမြေဧရိယာ ဧက ၃၀၀၀၀ ကို ရေပေးဝေမည်ဖြစ်ကြောင်း ဆက်လက်ရှင်းပြသည်။

တစ်ဖန် မိတ္ထီလာကန်သို့ ရေဖြည့်တင်းရေကူပေးရေးစီမံကိန်းကို ဆက်လက်ရှင်းပြရာတွင် “တည်ဆောက်ပြီး ချောင်းကောက်တမံမှ ပိုလျှံရေဧကပေ ၁၀၀၀၀ ခန့်နှင့် ဆက်သွယ်တူးမြောင်း တစ်လျှောက်ရှိ ရေဆင်းဧရိယာများမှ စီးဆင်းလာသည့် ရေပမာဏ ဧကပေ၉၀၀၀တို့ကို တည်ဆောက်ပြီး လွန်းငင်၊ လက်ခုပ်ပင်၊ ညောင်ကုန်း ရေထိန်းတမံသုံးခုဖြင့် ထိန်းလျက် ဆက်သွယ်တူးမြောင်း အဆင့်ဆင့်ဖြင့် မိတ္ထီလာကန်သို့ ၂၀၀၅ခုနှစ် အောက်တိုဘာမှ စတင်ရေဖြည့်ဆည်းပေးနေပြီဖြစ်ပါတယ်။ ရေဆင်းဧရိယာ ၂၄၀စတုရန်းမိုင်ရှိတဲ့ မိတ္ထီလာကန်ရဲ့ နုန်းကျဆင်းမှုလျော့နည်းစေရန် မိတ္ထီလာကန်၏ အထက်ဘက်တွင် ရေဆင်းဧရိယာ ၁၅၀စတုရန်းမိုင်ရှိသည့် မုန်တိုင်ဆည်ကိုလည်း တည်ဆောက်ပေးခဲ့ပြီးဖြစ်သလို နှစ်ကာလရှည်ကြာလို့ နုန်းကျဆင်းပြီး အဆိုပါမုန်တိုင်ဆည်၏ ရေသိုလှောင်နိုင်မှု လျော့နည်းသွားခြင်းအတွက် ရေကူရေဖြည့်ပေးမည့်ရှမ်းမငယ် ရေကူရေလှောင်တမံကိုလည်း တည်ဆောက်ပြီး မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးအတွက် စိုက်ပျိုးရေ ရရှိရေးကို နည်းလမ်းမျိုးစုံနဲ့ ကြိုးဆ လုပ်ဆောင်လျက်ရှိပါတယ်”ဟုမြန်မာ့အလင်းသို့ ဆက်လက်ရှင်းပြသည်။

မြေကြီးလုပ်ငန်းဆောင်ရွက်

လွင်ပြင်မြောင်းမကြီး တူးဖော်ရေးလုပ်ငန်းခွင်၌ ကျောက်မြေသားများကို ယန္တရားကြီးများဖြင့် ဤသို့မြေကြီးလုပ်ငန်းဆောင်ရွက်နေသည်။ (မြန်မာ့အလင်း)

အင်ကြင်းချောင်းဖြတ်ကူးမည့် ရေဆိုးထုတ်အဆောက်အအုံ တည်ဆောက်နေမှု။ (မြန်မာ့အလင်း)

အထောက်အကူပြု

မုန်တိုင်ရေလှောင်တမံ၏ မြောက်ဘက် ရေဝင်ချောင်းတွင် ရှမ်းမငယ် ရေလှောင်တမံ တည်ဆောက်ထားသည့်နည်းတူ တောင်ဘက် ရေဝင်ချောင်း ရေဆင်းဧရိယာ ၃၅စတုရန်းမိုင်ရှိ ကမ်းနီ ရေလှောင်တမံကိုလည်း တည်ဆောက်အကောင်အထည်ဖော်ရန် စူးစမ်းလေ့လာမှုများ ပြုလုပ်လျက်ရှိကြောင်း သိရှိရသည်။ မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးအတွက် အဓိက လိုအပ်ချက်ဖြစ်သော စိုက်ပျိုးရေရရှိရေးကို ကျိုင်းခမ်း ရေလှောင်တမံ၊ ဇော်ဂျီရေလှောင်တမံ၊ မြို့ကြီးရေလှောင်တမံနှင့် မြစ်ရေတင်စီမံကိန်း၊ ချောင်းကောက်တမံမှ မိတ္ထီလာကန်သို့ ရေကူပေးရေး၊ မုန်တိုင်ရေကူ ရှမ်းမငယ်ရေလှောင်တမံတို့ဖြင့် ဆက်သွယ်မြောင်းများ ဖောက်လုပ်ကာ ရေပေးဝေခြင်းနှင့် မိတ္ထီလာကန်သို့ ရေဖြည့်တင်း ပေးနိုင်မည့် ရေကူရေလှောင်တမံများ အကောင်အထည်ဖော် တည်ဆောက်ခြင်းဖြင့် စိုက်ပျိုးမြေများ ပိုမိုပေါ်ထွက်လာကာ မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးကို အထောက်အကူပြုမည်ဖြစ်သည်။

စိုပြည်လန်းဆန်း

မြင်ကွင်းက ပြောင်းလဲခဲ့ပေပြီ။ တစ်ချိန်က မိုးနည်း ခြောက်သွေ့ကာ ကြည့်ရှုရာနေရာတိုင်း တံလျှပ်အရောင်ထနေသောမိတ္ထီလာနယ်မြေကား စိမ်းမြမြအသွင်ဖြင့် စိုပြည်လန်းဆန်းနေမှုမှာ ရောက်ရှိမြင်တွေ့ရသူအဖို့ ကြည်နူးမှုရှိစေမည်မှာ အမှန်ပင် ဖြစ်သည်ဟု တွေးတောနေမိပါတော့သည်။ ။

(မြန်မာ့အလင်း)

မိတ္ထီလာလွင်ပြင်မြောင်းမကြီး တည်ဆောက်တူးဖော်ရာတွင်ပါဝင်သည့် ရေဆိုးထုတ်အဆောက်အအုံ တည်ဆောက်နေမှု မြင်ကွင်းကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးအတွက် ဇော်ဂျီမြစ်ရေကို သိုလှောင်ရန် ကြေးကန်တောင်နှင့် ရွှေမြင်သာတောင်နှစ်လုံးကို တာပိတ်လုပ်ငန်း ဆောင်ရွက်နေသည့် မြင်ကွင်း။ (မြန်မာ့အလင်း)

လေလံကြော်ငြာ

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အသုံးမပြုနိုင်တော့သည့် ဘိုတူနှင့် အိမ်ရိုက်သံရှယ်စုံ တန်၄၀ကို မျက်မြင်အနေအထားအတိုင်း အိတ်ပိတ်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချပါမည်။

လေလံတင်ရောင်းချမည့်ရက် - ၂၆-၉-၂၀၀၉ ရက်

လေလံတင်ရောင်းချမည့်နေရာ - ရန်ကုန်တိုင်း အင်ဂျင်နီယာမှူးကြီးရုံး၊ အမှတ်(၆၀)၊ ရွှေတိဂုံဘုရားလမ်း၊ ပဆငရုံးချုပ် (ရန်ကုန်)

လျှောက်လွှာပုံစံနှင့် အသေးစိတ်စည်းကမ်းချက်များကို ရန်ကုန်တိုင်း အင်ဂျင်နီယာမှူးကြီးရုံး၊ အမှတ် ၆၀၊ ရွှေတိဂုံဘုရားလမ်း၊ ပဆငရုံးချုပ် (ရန်ကုန်) တွင် ၁၆-၉-၂၀၀၉ရက်မှစ၍ ရောင်းချပေးမည်ဖြစ်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့။

၁၉၈၄ ဘူမိဗေဒ
သူငယ်ချင်းများတို့ တွေ့ဆုံကြရအောင်

၂၀-၉-၂၀၀၉ရက် တနင်္ဂနွေနေ့ ၆း၀၀နာရီမှ ၈း၀၀နာရီအထိ၊ ဒဂုံဂေါက်ကွင်း ဦးအောင်ချစ် ဖုန်း-၀၉-၈၅-၉၂၂၇၉၊ ဦးဇော်မင်း ဖုန်း-၀၉-၅၁-၄၉၄၅၂၊ ဦးထွန်းဇော် ဖုန်း-၅၀၂၁၄၅၊ ဦးအောင်ချိုမင်း ဖုန်း-၀၉-၅၀-၁၀၆၅၆၊ ဒေါ်ရွှေသဇင်ကြည် ဖုန်း-၀၉-၉၉-၂၆၂၄၉တို့သို့ ဆက်သွယ်ပါ။

နိုင်ငံတကာအဆင့်မီ ကယန်းအလှ Kayun Beauties အမည်ရှိ ဆက်လက်ဆောင်ရွက်ဆဲ မြန်မာရုပ်ရှင်ဇာတ်ကားနှင့်စပ်လျဉ်း၍
အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ အခန်း ၂ (အေ)၊ အမှတ်(၅၂၀)/အေ(၅)နေ ထွန်းရတနာစိမ်း ကျောက်မျက်ရတနာ ကုမ္ပဏီလီမိတက် ဒါရိုက်တာဒေါ်သန်းမြ နိုင်ငံသား ၁/မကတ(နိုင်)၀၀၃၂၅၃၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း သိစေအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန်းမြနှင့် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ဦးဝိစာရလမ်း အမှတ်(၂၇၈)နေ အောင်ကိုလတ်ရုပ်ရှင်ထုတ်လုပ်ရေး၊ရုပ်ရှင်ဗီဒီယိုဒါရိုက်တာ ဦးအောင်ကိုလတ် နိုင်ငံသား၁၂/စခန(နိုင်)၀၆၂၀၅၇တို့သည်၁၄-၃-၂၀၀၇ရက်စွဲပါ နိုင်ငံတကာအဆင့်မီ ရုပ်ရှင်ဇာတ်ကားများကို နိုင်ငံတကာရုပ်ရှင်ဈေးကွက်သို့ ရိုက်ကူးထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် ပူးတွဲရင်းနှီးမြှုပ်နှံခြင်း နှစ်ဦးသဘောတူ ကတိစာချုပ်ဖြင့် နိုင်ငံတကာအဆင့်မီ ကယန်းအလှ Kayun Beauties အမည်ရှိ ရုပ်ရှင်ဇာတ်ကားကို သတ်မှတ်ကာလတစ်နှစ်ခွဲဖြင့် ရိုက်ကူးထုတ်လုပ်ရန် သဘောတူညီ ကတိပြုခဲ့ကြပါသည်။ ယင်းစာချုပ်အရ ကျွန်ုပ်၏မိတ်ဆွေကသာ မတည်ရင်းနှီးငွေအားလုံးကို စတင်ထည့်ဝင်ခဲ့ပြီး ဦးအောင်ကိုလတ်က ဇာတ်ကား ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းကို တာဝန်ယူဆောင်ရွက်ရသူဖြစ်ပါသည်။

သို့ဖြစ်ရာ အဆိုပါ ကယန်းအလှ Kayun Beauties အမည်ရှိ ဇာတ်ကားနှင့် စပ်လျဉ်း၍ ကျွန်ုပ်မိတ်ဆွေ ဒေါ်သန်းမြ၏ သဘောတူညီချက် တစ်စုံတစ်ရာ ရယူခဲ့ခြင်းမရှိဘဲ ယင်းဇာတ်ကားကို ပြည်တွင်း၌သော်လည်းကောင်း၊ ပြည်ပတွင် သော်လည်းကောင်း ငှားရမ်းပြသခြင်း၊ ရောင်းချခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းစသည့်ကိစ္စအဝဝတို့ကို ပြုလုပ်ဆောင်ရွက်ခွင့် မရှိကြောင်း သိစေအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးမောင်မောင်စိုး၊ ဦးမောင်မောင်စော၊ ဒေါ်ဝါဝါဝင်းသစ်
(တရားရုံးချုပ်ရှေ့နေများ)၊
ဦးအောင်မျိုးဦး၊ ဦးခိုင်ဌေး၊ ဦးဖြိုးဝေကျော်၊
ဒေါ်ခင်ခင်ကျော်၊ ဒေါ်မာလာတင့်၊ ဒေါ်ဝင်းဝင်းအေး၊ ဒေါ်ခင်ဖြူထွေး၊
ဒေါ်သန်းသန်းစိုး
(အထက်တန်းရှေ့နေများ)
အမှတ်-၈၃/၁၀ ဒုတိယထပ် ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ် ရန်ကုန်မြို့။

နီလာ
အပြည်ပြည်ဆိုင်ရာ ခရီးသွားလာရေးလုပ်ငန်း မအေးအေးမော် ဦးစီးသော နီလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ ဝါတွင်းကာလ ကုသိုလ်ပြု အထူးအစီအစဉ်

၁၁ ညအိပ် ၁၂ ရက်-ဗုဒ္ဓဂယာ-သံဝေဇနီယလေးဌာန(ဖွား-ပွင့်-ဟော-စံ) ကိုးသိန်း စရိတ်ငြိမ်း(အိန္ဒိယလေကြောင်းလိုင်း)

၁၀လပိုင်း (၅)၊ (၁၉)ရက်၊ (၁၁)လပိုင်း(၂)၊ (၁၆)၊ (၃၀)ရက်၊ (၁၂)လပိုင်း (၁၄)၊ (၂၈)ရက်၊(၁)လပိုင်း (၁၁)၊ (၂၅)ရက်၊(၂)လပိုင်း(၈)၊ (၂၂)ရက်၊(၃)လပိုင်း(၈)၊ (၂၂)ရက်၊(၄)လပိုင်း(၅)၊(၁၉)ရက်တွင် ထွက်ခွာမည့် (၁၂)ရက်ခရီးစဉ်ကို (၁-၉-၂၀၀၉)ရက်မှ (၃၀-၉-၂၀၀၉)ရက်အတွင်း လာရောက်စာရင်းပေးသွင်းသူများအား နိုင်ငံကူးလက်မှတ်ရှိပြီးသူ တစ်ဦးလျှင် ကျပ်ငါးသောင်းတိတိနှင့် နိုင်ငံကူးလက်မှတ်မရှိသေးသူများကို ပြုလုပ်ပေးပြီး ကျပ်သုံးသောင်းတိတိ လျှော့ပေးမည်ဖြစ်ပါသည်။ ၁၆ဦး စုစည်းပြီး လာရောက်စာရင်းပေးသွင်းပါက တစ်ဦးကို အခမဲ့ ပို့ဆောင်ပေးမည် ဖြစ်ပါသည်။

၁၇ ညအိပ် ၁၈ ရက်-သံဝေဇနီယလေးဌာန-အဝိဇဟိတလေးဌာန-နယူးဒေလီ (3 Stars Hotel)-(တပ်ချ်မဟာ-ဝင်ကြေး)-ကိုလ်ကတ္တား ကျပ် ၁၀သိန်း၅သောင်း စရိတ်ငြိမ်း (အိန္ဒိယလေကြောင်းလိုင်း)

၃၀-၁၀-၂၀၀၉ရက်တွင် လိုက်ပါမည့် ဘုရားဖူးများအား တန်ဆောင်တိုင် မီးထွန်းပွဲတော်ကို မြေမြတ်မဟာ ဗုဒ္ဓဂယာတွင် ကျင်းပပေးပြီး ကံစမ်းမဲများလည်းထူးထူးခြားခြား ပြုလုပ်ပေးမည်ဖြစ်ပါသည်။ စားစရိတ်-တည်းခိုစရိတ်- Passport-Visa-Air Ticket-မိတ္တူ-စာရွက်စာတမ်းကြေးများ ပါဝင်ပြီးဖြစ်ပါသည်။ မည်သည့်အကြောင်းနှင့်မျှ ပြည်တွင်းပြည်ပတွင် ငွေကြေးထပ်မံကောက်ခံခြင်းမရှိကြောင်း အာမခံပါသည်။ မိမိကြိုက်နှစ်သက်သော ခရီးစဉ်နှင့် နေ့ရက်ကိုရွေးချယ်ပြီး စရန်ငွေတစ်သိန်းသာပေးသွင်း၍ စာရင်းပေးသွင်းထားနိုင်ပါသည်။ **ခရီးစဉ်မလိုက်ဖြစ်ပါက စရန်ငွေ (လုံး၀)မဆုံးရှုံးပါ။**

ထွက်ခွာမည့်ရက် - အောက်တိုဘာလတွင် (၂)ရက်၊ (၉)ရက်၊ (၁၆)ရက်၊ (၂၃)ရက်၊ (၃၀)ရက်။
နိုဝင်ဘာလတွင် (၆)ရက်၊ (၁၃)ရက်၊ (၂၀)ရက်၊ ၂၇ရက်/ဒီဇင်ဘာလတွင် (၄)ရက်၊ (၁၁)ရက်၊ (၁၈)ရက်၊ (၂၅)ရက်။
ဇန်နဝါရီလတွင် (၈)ရက်၊ (၁၅)ရက်၊ (၂၂)ရက်၊ (၂၉)ရက်/ဖေဖော်ဝါရီလတွင် (၅)ရက်၊ (၁၂)ရက်၊ (၁၉)ရက်၊ (၂၆)ရက်။
မတ်လတွင် (၅)ရက်၊ (၁၂)ရက်၊ (၁၉)ရက်၊ (၂၆)ရက်/ဧပြီလတွင် (၂)ရက်၊ (၉)ရက်၊ (၁၆)ရက်၊ (၂၃)ရက်၊ (၃၀)ရက်။

အမှတ် ၃၁၅၊ မြေညီထပ်၊ ရွှေဘုံသာလမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၂၄၁၇၅၁၊ ၂၄၁၂၄၃၊ ၃၇၅၀၂၀၊ ၀၉-၉၉-၇၃၃၉၅၊ ၀၉-၈၆-၁၂၀၀၃။



မိုးစပါး ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းရေး သုံးခွမြို့နယ်တွင် နည်းပညာဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၁၄

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမတွင် မိုးစပါး ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းရေး နည်းပညာပေးဆွေးနွေးပွဲကို ဩဂုတ် ၂၆ ရက် နံနက် ၁၁နာရီက ကျင်းပသည်။

ဆွေးနွေး

ဆွေးနွေးပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစန်းလှိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးခင်ဇော်ဝင်းက နည်းပညာပေးဆွေးနွေးရသည့် ရည်ရွယ်ချက်များ ရှင်းလင်းကာ ရန်ကုန်တိုင်း သီးနှံကာကွယ်ရေးတာဝန်ခံ ဦးမြင့်ကြည်က မိုးစပါးတွင် ကျရောက်တတ်သော ပိုးမွှားရောဂါများနှင့် ကာကွယ်နှိမ်နင်းနည်းပညာများကို ဆွေးနွေးပြောကြားသည်။

(အပေါ်ယာပုံ)

တက်ရောက်

ဆွေးနွေးပွဲသို့ ရပ်ကွက်၊ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ တောင်သူလယ်သမားများ စုစုပေါင်း ၁၀၀ခန့် တက်ရောက်ကြသည်။

(၁၂၄)

DYNA / CANTER
(၂တန် ၂ ၃/၄ တန်)
(၃)စီး ဝယ်လိုသည်

(၁) ဒီဇယ်ကား 1990-1997 ထုတ် MODEL ဖြစ်ရမည်။

(၂) အမည်ပေါက် / အမည်ပြောင်း၍ ရရမည်။

ဆက်သွယ်ရန် -
ဖုန်း -၀၉-၅၀-၀၈၅၈၇ ၊ ၀၉-၅၀-၁၂၀၀၆။

သားအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်မ၏သား မောင်ကျော်သူရ ၁၂/တမန (နိုင်) ၁၀၁၃၁၂သည် မိခင်၏ ဆိုဆုံးမမှုကို မနာခံဘဲ မိသားစုအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စမှန်သမျှ လုံး၀(လုံး၀) တာဝန်မယူပါ။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

မိခင်-ဒေါ်ကြည်ဝင်း
၁၂/တမန(နိုင်)၀၅၂၁၂၂။

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တန့်ယန်းမြို့အဝင် မြေယာခင်းအလှဆင်လုပ်ငန်းများ စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများဖြင့် ဆောင်ရွက်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာဦးဇော်မင်းထွန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။(မြို့နယ်စည်ပင်)

သစ်တော
သစ်ပင်
ဒို့ချစ်ခင်
နှစ်စဉ်
စိုက်ပျိုး
အလှတိုး

ရှမ်းပြည်နယ်(မြောက်ပိုင်း) ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန၏ စားသောက်ဆိုင်လုပ်ငန်းများအပေါ် အခွန်အပြည့်အဝကောက်ခံရရှိရေး လုပ်ငန်းစီမံချက်များဆိုင်ရာ အခွန်ရှင်းလင်းပွဲကို ဩဂုတ် ၂၆ရက်က လားရှိုးမြို့ ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်တွင်းအခွန်များဦးစီးဌာန ပြည်နယ်အခွန်ဦးစီးဌာနမှူး ဦးသင်းထွဋ်ဟန် ရှင်းလင်းဆွေးနွေးစဉ်။

(ပြည်နယ် ပြန်/ဆက်)

ယူအေအီး- အမြန်အလိုရှိသည်

ယူအေအီးနိုင်ငံ သင်္ဘောကျင်းတွင် လုပ်ကိုင်ရန်အတွက် ပိုက်ဆက်လုပ်သားများ အလိုရှိသည်။

ပိုက်ဆက်ခေါင်းဆောင်လစာ	-	Dhs.1100 + OT
ပိုက်ဆက်ကျွမ်းကျင်လစာ	-	Dhs. 950 + OT
ပိုက်ဆက်အထွေထွေလစာ	-	Dhs. 910 + OT

အင်တာဗျူးခန့်မှန်း ၂၉-၉-၂၀၀၉ရက်

အင်တာဗျူးဖြေနိုင်အောင် သင်တန်းပေးနေပြီ။ စာချုပ်သက်တမ်း(၂)နှစ်၊ နေရာထိုင်ခင်း/စားသောက်/သယ်ပို့/ဝတ်စုံ/ဒိုဘီ အားလုံး Free လစာထဲမှလုံးဝဖြတ်တောက်ခြင်းမရှိပါ။ ထို့ကြောင့် အိမ်သို့အပြည့်အဝငွေပြန်ပို့နိုင်သည်။ အမြန်စာရင်းသွင်းပါရန်။

စုံစမ်းရန် - ဦးစိန်ဖေ၊ အာဘာဖီးကုမ္ပဏီ (၀၁၅/၂၀၀၀)
၁၄၇၊ မြေညီ၊ လမ်း ၅၀(အထက်)၊ ပုဇွန်တောင်မြို့နယ်၊
ဖုန်း-၂၀၁၃၂၅၊ ၂၀၁၃၅၄၊ ၂၉၄၆၂၈၊ ၀၉-၈၆-၄၅၇၁၆။

MYANMAR IVANHOE COPPER COMPANY LIMITED(TENDER NOTICE)
TENDER. IFB No. 36/Overseas/2009
Supply of General, Pump, Electrical, Tyre & Caterpillar Spares (19) lots are invited from Overseas Suppliers by CIF Yangon Basis, Euro or Singapore $ Currency, by LC Term.
CLOSING DATE will be on 28 September 2009 12 noon.
Tender documents are available at the following addresses:
70 (I) Bo Chein Street, Pyay Road, Hlaing Township, Yangon, Myanmar
Tel: (95) 1 514194 to 7 ; Fax: (95) 1 514208; email: miccl@miccl.com.mm
Site: Tel: (95) 71 22225/6; Fax: (95) 71 22522; email : supply@miccl.com.mm
Bids are to be reached the above offices on or before the closing date.
Queries can be done between 10am to 4pm at Supply Department; Tel: (95) 71 22225/6; e-mail: supply@miccl.com.mm before the Tender Closing Date.

ရောင်းမည်

(၂၀၅)လိုင်းကောင်း (ကားလတ်)

6-BG 1 ရှူးအထောင် CNG ၁၀လုံး အင်ဂျင်၊ ဆေး၊ ဘော်ဒီ၊ လိုင်စင်(ပြီး)၊ လက်ရှိပြေးဆွဲ၊ ဝင်ငွေ ကျပ် ၅၀၀၀၀ ကျော်ရှိ။

ဖုန်း-၃၈၈၅၄၇၊ ၀၉-၈၀-၃၂၂၅၈။

ရောင်းရန်ရှိသည်

ရန်ကုန်-အင်းစိန်လမ်းမကြီးအနီး၊ အုတ်ကျင်းလမ်းမပေါ်၊ ဧရိယာ ဒသမ ၉ ဧက မြေကွက်၊ ရောင်းရန်ရှိသည်။

(ကျပ်သိန်း ၆၅၀၀)

ဆက်သွယ်ရန်- ဖုန်း-၀၉-၄၃-၃၇၃၀၂၄။



ကျေးဇူးဆပ်ပါမည်

ဦးပြည်ဟိန်း ပိုင်ဆိုင်သော မော်တော်ယာဉ်အမှတ် ဗ/၃၁၉၈၏ အခွန်ကျေအစိမ်းရောင်ပုံစံ(၁) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၀-၅၇၆၀၂။

စာအုပ် စာပေ လူ့မိတ်ဆွေ

နမ့်ခမ်းမြို့နယ်တွင် ဒေသဖွံ့ဖြိုးရေး ကွင်းဆင်းဆောင်ရွက်

နမ့်ခမ်း စက်တင်ဘာ ၁၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ်တွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ ဌာနဆိုင်ရာ တာဝန်ရှိသူများပါဝင်လျက် နယ်မြေဒေသဖွံ့ဖြိုးရေးအတွက် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဩဂုတ်၂၀ရက်က မန်အောင်ရွာ၌ ကျေးရွာပြည်သူများနှင့်တွေ့ဆုံ၍ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်လွင်က ဒေသဖွံ့ဖြိုးရေး၊ လုံခြုံရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လက်ဖက်စိုက်ဒေသများ ခေတ်မီနည်းစနစ်ဖြင့် စိုက်ပျိုးရေးကိစ္စများကို ဆွေးနွေးဟောပြောခဲ့သည်။ **(အပေါ်ပုံ)**

ဆွေးနွေးဟောပြော

အဆိုပါအဖွဲ့သည် ဩဂုတ်၄ရက်က ကောင်းကတ်ရွာ၊ ၇ရက်တွင် ဟင်လုံရွာ ၊ ၁၃ရက်တွင် အွယ်လော(မန်စပ်)ရွာ၊ ၁၆ရက်တွင် နမ်တီးရွာတို့၌ ကျေးရွာပြည်သူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆွေးနွေးဟောပြောခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

MWDC စက်ရုံ မီးလောင်မှုဖြစ်စဉ်တွင် သေဆုံးသွားခဲ့ရသော ဝန်ထမ်းမိသားစုဝင်များအား ထောက်ပံ့လှူဒါန်းပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၄

Myanmar Winery & Distillery Co.,Ltd.(MWDC) Board of Directors မိသားစုဝင်များက MWDC စက်ရုံ မတော်တဆမီးလောင်မှုဖြစ်စဉ်တွင် သေဆုံးသွားခဲ့ရသော ဝန်ထမ်းမိသားစုများအား လူမှုရေးအရ ထောက်ပံ့လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်၁၀နာရီခွဲတွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ယင်းတိုက်ပင်ကျေးရွာရှိ MWDC စက်ရုံ ရှင်းလင်းဆောင်၌ ကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ IBTC Group ဥက္ကဋ္ဌ ဦးအောင်မိုးကျော်နှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ သေဆုံးသွားခဲ့ရသော ဝန်ထမ်းမိသားစုများ၊ နေအိမ်ပျက်စီးသွားသော မိသားစုများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ထောက်ပံ့ပေးအပ်

လှူဒါန်းပွဲတွင် IBTC Group ဥက္ကဋ္ဌ ဦးအောင်မိုးကျော်က စက်ရုံမတော်တဆ မီးလောင်မှုဖြစ်စဉ်တွင် သေဆုံးသွားခဲ့ရသော ဝန်ထမ်းမိသားစုဝင်

များအား ထောက်ပံ့ငွေကျပ်သိန်း၄၀စီနှင့် နေအိမ်ပျက်စီးသွားသော မိသားစုဝင်များအား ထောက်ပံ့ငွေကျပ် ၁၀သိန်းစီကို ထောက်ပံ့ပေးအပ်သည်။**(အပေါ်ပုံ)**

MWDC စက်ရုံ မတော်တဆမီးလောင်မှုဖြစ်စဉ်တွင် သေဆုံးသွားခဲ့ရသော ဝန်ထမ်းမိသားစုဝင်များအား ကနဦးထောက်ပံ့ငွေအပါအဝင် စုစုပေါင်း ထောက်ပံ့ငွေကျပ်၆၄သိန်းစီနှင့် နေအိမ်ပျက်စီးသွားခဲ့ရသော ဝန်ထမ်းမိသားစုဝင်များအား ကနဦးထောက်ပံ့ငွေအပါအဝင် စုစုပေါင်း ထောက်ပံ့ငွေကျပ် ၂၅သိန်းစီတို့ကို ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဇလွန်မြို့နယ်အသင်း သက်ကြီးပူဇော်ပွဲ ပညာရည်ချွန်ဆုပေးပွဲ

ရန်ကုန် စက်တင်ဘာ ၁၄

ဇလွန်မြို့နယ်အသင်း(ရန်ကုန်)မှ ဇလွန်မြို့ရှိ အသက်(၇၅)နှစ်အထက် သက်ကြီးများအား သက်ကြီးပူဇော်ပွဲနှင့် ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရကျောင်းသားကျောင်းသူများအား ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၂၀ရက်(တနင်္ဂနွေနေ့)တွင် ဇလွန်မြို့ရှိ ပြည်တော်ပြန်မြတ်စွာဘုရားကြီးဝင်းရှိ ဓမ္မာရုံကြီး၌ ကျင်းပမည်ဖြစ်သည်။ လိုက်ပါလိုသူအသင်းဝင်များနှင့် အခြားဘုရားဖူးလိုက်ပါလိုသူများ စက်တင်ဘာ ၁၇ရက် နောက်ဆုံးထား၍ အသင်းဥက္ကဋ္ဌ ဦးလှမြင့်(ကေသီပန်) ဖုန်း-၅၁၀၃၆၇၊ ၅၁၀၆၁၇၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်စိုးဝင်း ဖုန်း-၂၉၆၉၄၃၊ အတွင်းရေးမှူးများဖြစ်သော ဦးအေးကျော့ ဖုန်း-၀၉-၅၁-၅၈၂၄၃နှင့် ဦးအေးစန်း ဖုန်း-၅၂၅၅၇၉ တို့သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဟိုတယ်/ခရီးဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် ဖျာပုံမြို့နယ် ဖွံ့ဖြိုးရေးဆိုင်ရာများ ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၄

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်သည် စက်တင်ဘာ ၅ရက်က ဖျာပုံမြို့နယ် မော်ဘီကျေးရွာ၌ မော်ဘီကျေးရွာနှင့် ထိန်တပင်ကျေးရွာတို့မှ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံပြီး စောင်နှင့်အဝတ်အထည်များ၊ စားသောက်ဖွယ်ရာများနှင့် တိုင်းရင်းဆေးဝါးများကို ပေးအပ်သည်။

တိုင်းရင်းဆေးများပေးအပ်

ဆက်လက်၍ ချောင်တွင်းကျေးရွာ၌ ချောင်တွင်း၊ ကဲချောင်နှင့် ကြားစုကျေးရွာတို့မှ ရပ်မိရပ်ဖများ၊ ရွာသူရွာသားများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံပြီး စောင်၊ အဝတ်အထည်များနှင့် တိုင်းရင်းဆေးဝါးများကို ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် ဖျာပုံမြို့နှင့်အပြောင်ကျေးရွာ ဆက်သွယ်သည့် အပြောင်တံတား ပြုပြင်ပြီးစီးမှုနှင့် ကျေးရွာမူလတန်းကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆုငွေပေးအပ်

ရွှေလမင်းနဂါးကုမ္ပဏီက ကြီးမှူး၍ ဩဂုတ်လအတွင်း **Acer Notebook** ဝယ်ယူသုံးစွဲသူများနှင့် အရောင်းကိုယ်စားလှယ်များအား ကံထူးရှင်ရွေးချယ်၍ ငွေသားဆု ချီးမြှင့်ပွဲတွင် ရွှေလမင်းနဂါးကုမ္ပဏီ ဒါရိုက်တာ ဦးအောင်အောင်က ကံထူးရှင် **Acer Notebook** သုံးစွဲသူတစ်ဦးအား ဆုငွေပေးအပ်စဉ်။ (ကုန်သည်/စက်မှု)

Acer Notebook သုံးစွဲသူနှင့် ဆိုင်များအား ကံထူးရှင်ရွေးချယ်၍ ငွေသားဆုချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၁၄

ရွှေလမင်းနဂါးကုမ္ပဏီကကြီးမှူး၍ ဩဂုတ်လအတွင်း Acer Notebook ဝယ်ယူသုံးစွဲသူများနှင့် အရောင်းကိုယ်စားလှယ်များအား ကံထူးရှင်ရွေးချယ်၍ ငွေသားဆု ချီးမြှင့်ပွဲကို စက်တင်ဘာ ၅ရက် မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ကမ်းနားလမ်းနှင့် လမ်းသစ်လမ်းထောင့်ရှိ Acer အရောင်းပြခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် ရွှေလမင်းနဂါးကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးစိုးဝင်းအောင်နှင့် ဒါရိုက်တာ ဦးအောင်အောင်တို့က ကံထူးရှင်များရွေးချယ်၍ ငွေသားဆုများကို ပေးအပ်ရာ ငွေကျပ်သုံးသိန်းဆုကို Acer Notebook သုံးစွဲသူ မောင်ခန့်စည်သူအောင်၊ ကိုမင်းကျော်ဝင်းဦးနှင့် မကေဇင်ထက်တို့အား ငွေကျပ်တစ်သိန်းစီကို ပေးအပ်ကြသည်။

ပေးအပ်

ထို့နောက် ကံထူးရှင်သုံးစွဲသူများအား Notebook ရောင်းချပေးခဲ့သည့် Technoland အရောင်းဆိုင်အား ငွေသားဆုငွေကျပ်သုံးသိန်းကိုလည်းကောင်း၊ ICE နှင့် Citicom အရောင်းဆိုင်တို့ကို ငွေသားဆုကျပ်တစ်သိန်းစီတို့ကိုလည်းကောင်း ပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ညောင်တုန်း၌ အခွန်ဆိုင်ရာ ပညာပေးဆွေးနွေး

ညောင်တုန်း စက်တင်ဘာ ၁၄

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ညောင်တုန်းမြို့နယ် အခွန်ဦးစီးဌာနမှ မြို့နယ်အတွင်းရှိ စားသောက်ဆိုင်လုပ်ငန်းရှင်များအား အခွန်ဆိုင်ရာပညာပေးဆွေးနွေးပွဲကို ဩဂုတ် ၃၁ရက်က ညောင်တုန်းမြို့နယ် အခွန်ဦးစီးမှူးဌာနရုံး၌ ကျင်းပရာ အခွန်ဆိုင်ရာပညာပေးဆွေးနွေးပွဲသို့ စားသောက်ဆိုင်လုပ်ငန်းရှင် ၂၆ဦးတက်ရောက်ကြသည်။

ဆွေးနွေး

အခွန်ဆိုင်ရာ ပညာပေးဆွေးနွေးပွဲတွင် ညောင်တုန်းမြို့နယ် အခွန်ဦးစီးဌာနမှူး ဦးတင်စိုးက စားသောက်ဆိုင်များနှင့်ပတ်သက်သည့် အခွန်ဆိုင်ရာအချက်အလက်များကို အသေးစိတ်ပညာပေးဆွေးနွေးသည်။ **(အောက်ပုံ)**

ထို့နောက် စားသောက်ဆိုင်လုပ်ငန်းရှင်များက ပြန်လည်မေးမြန်းချက်များကိုလည်း တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ (၁၅၂)

သမ္မတ၊ သွင်နှင့် မင်္ဂလာရုံတွင် ဇော်က ကနေသည် ပြသ

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

ရန်ကုန် စက်တင်ဘာ ၁၄

အကြည်တော်၏ဝတ္ထုကို နေဝင်းမြင့်ဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာမီးပွားရိုက်ကူးသည့် **ဇော်က ကနေသည်**ဇာတ်ကားသစ်မှာ ယခုအပတ်တွင် သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် ရုံဝင်လာသည်။

ဇော်က ကနေသည်

ဆေးကြိမ်လုံးနှင့် ဇော်က ကရင်း လျက်ဆားရောင်းနေသော ဇော်ဂျီကို ဥစ္စာစောင့်မလေးက စိတ်ဝင်စားနေသည်။ ဥစ္စာစောင့်မလေးသည် ဇော်ဂျီကဆေးတိုက်မှ ဆေးသောက်သည်။ ဆေးသောက်ရင်း ရောဂါပျောက်သွားသောအခါ ဥစ္စာစောင့်မလေးက သူဌေးသမီးဖြစ်နေပြီး လျက်ဆားရောင်းသူ ဇော်ဂျီက လမ်းဘေးဈေးသည်ဘဝဖြင့်သာ လျက်ဆားရောင်းမြဲရောင်းရင်း တူလေးပေးလိုက်ရ၍ ဝမ်းနည်းကြေကွဲမဆုံး ဖြစ်ရပုံများကို ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။ **ဇော်က ကနေသည်**တွင် နေတိုး၊ နန္ဒာလှိုင်၊ ညွှန့်ဝင်း၊ ပုလဲဝင်း၊ ဇေလုဝနှင့် ဟဲဗီးဖြိုးတို့ အဓိကပါဝင်ထားသည်။

ဇော်က ကနေသည်ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။

ချစ်လို့စတာဇာတ်ကားမှ ကျော်ရဲအောင်နှင့် အိန္ဒြာကျော်ဇင်တို့၏ ရှင်မြူးဖွယ် သရုပ်ဆောင်ကွက်။

ချစ်လို့စတာ

ဒါရိုက်တာသိန်းဟန် (ဖီးနစ်)ရိုက်ကူးပြီး ကျော်ရဲအောင်၊ နေတိုး၊ အိန္ဒြာကျော်ဇင်နှင့် တင့်တင့်ထွန်းတို့ ပါဝင်ထားသော ဟာသဇာတ်မြူး **ချစ်လို့စတာ**ဇာတ်ကားမှာ ရွှေ့ဆောင်၊ နဝဒေးနှင့် မဟာမြိုင်ရုံတို့၌ ဆက်လက်ပြသနေဆဲဖြစ်သည်။

The Taking of Pelham 123 ဇာတ်ကားမှာ နေပြည်တော်တွင် ပြသနေပြီး **အများနှင့်မသက်ဆိုင်သောသူ**ဇာတ်ကားမှာ တောင်ဥက္ကလာ ပဒေသာရုံတွင် တစ်ကျော့ပြန်ရုံဝင်လာသည်။

အိန္ဒိယဇာတ်ကားများ

တန်းမြင့်မြို့မရုံတွင် မင်းသားရှာရွတ်ခန်း၊ မင်းသမီးအက်ရှ်ဝါရာရိုင်းတို့ အဓိကပါဝင်ထားသော အက်ရှင်ဇာတ်ကား **Josh** ရုံဝင်လာသည်။ ဘုရင့်ရုံတွင် အက်ရှင်မင်းသား ဆန်နီဒိုးနှင့် မနီရာကွိုင်ရာလာတို့ ပါဝင်ထားသော **Champion** ဇာတ်ကား ပြသလျက်ရှိသည်။

ရွှေဗဟိုရ်၊ ဘုရင့်နောင်၊ရောဝတီ၊ မင်းရန်အောင်ရုံများတွင် **ဘယ်သူ့ကိုအချစ်ဆုံးလဲ** အဆင့်မြင့်မြန်မာဗီဒီယိုဇာတ်ကား ဆက်လက်ပြသနေဆဲဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

မူးမြစ်အတွင်း ငါးမျိုးစိုက်ထည့်ပွဲ ကျင်းပ

ကသာခရိုင် ပင်လယ်ဘူးမြို့နယ် မူးမြစ်အတွင်း ငါးမျိုးစိုက်ထည့်ပွဲကို ဩဂုတ် ၂၉ရက်က မူးမြစ်နှင့် နမ္မားချောင်းဆုံရာ တံတားအနီး၌ ကျင်းပရာ ကသာခရိုင် ရဲတပ်ဖွဲ့ ဒုတိယရဲမှူးကြီးကျော်မိုးကြည်နှင့်အဖွဲ့ဝင်များ၊ ကောလင်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးညီညီလင်းထွဋ်နှင့် ဝန်ထမ်းများ၊ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်မင်းထွေးနှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များစုပေါင်း၍ ငါးမြစ်ချင်း (ငါးသန်) ပေါက်ကောင်ရေ ၅၀၀၀၀ကို မူးမြစ်အတွင်း ငါးမျိုးများ စိုက်ထည့်ပေးကြသည်။ (မြို့နယ် ပြန်/ဆက်)

ခင်ဦး၌ ပညာရည်ချွန်ဆုချီးမြှင့်

ခင်ဦးမြို့ မြကန်သာရပ်ကွက် အမက ၅ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၂၉ရက်က ကျင်းပရာ မြို့နယ်စာရင်းရုံး ဦးစီးအရာရှိ ဦးဝင်းကြိုင်၊ အထက ကျောင်းအုပ်ဆရာကြီး ဦးဘကျမ်၊ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ မြို့နယ်သတင်းထောက် ဦးအောင်မင်းတို့က အမှာစကားပြောကြားကြပြီး ဆက်လက်၍ ခင်ဦးအထက ကျောင်းအုပ်ဆရာကြီး ဦးဘကျမ်က သူငယ်တန်းမှ တတိယတန်းအထိ လေးနှစ်ဆက်တိုက် ပထမဆုရ စတုတ္ထတန်းမှ မနဒီအေးအား ဆုချီးမြှင့်ပေးအပ်သည်။ (၁၈၂)

မူလွန်ကျောင်းဖွင့်ပွဲ မင်းကင်း၌ ကျင်းပ

စစ်ကိုင်းတိုင်း မင်းကင်းမြို့နယ် အထက်စသုရွာတွင် ဩဂုတ် ၂၆ရက်က အခြေခံပညာမူလတန်းလွန်ကျောင်းဖွင့်ပွဲကျင်းပရာ ကျောင်းဆိုင်းဘုတ်ကို မြို့နယ်ဥက္ကဋ္ဌ ဦးညီညီဝင်းက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး မြို့နယ်ပညာရေးမှူး ဦးဟန်ငွေ၊ ကျောင်းအကျိုးတော်ဆောင် ဦးစန်းလင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (၀၃၃)

နွားထိုးကြီး၌ အခွန်ဆိုင်ရာပညာပေးဆွေးနွေး

မန္တလေးတိုင်း ပြည်တွင်းအခွန်ဦးစီးဌာနရုံးတွင် စားသောက်ဆိုင် လုပ်ငန်းရှင်များအား အခွန်ဆိုင်ရာပညာပေးဆွေးနွေးပွဲကို အောင်မြေသာစံမြို့နယ်ကဦးစီး၍ ဩဂုတ် ၂၁ရက်က ကျင်းပရာ မန္တလေးခရိုင် အခွန်ဦးစီးမှူး ဦးနေလင်းစိုးက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးကျော်လွင်ထူးက စားသောက်ဆိုင်များလိုက်နာဆောင်ရွက်ရမည့် အခွန်ဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းသည်။ (၀၉၂)

စာကြည့်တိုက်ရှင်သန်ရေး ဆားလင်းကြီး၌ဆောင်ရွက်

ဆားလင်းကြီးမြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရှင်သန်ရေး၊ စံ(၅)ချက်နှင့် ညီညွတ်သော စာကြည့်တိုက်များဖြစ်ပေါ်လာရေးအတွက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာထောက်-၃ ဦးချိုချိုအောင်နှင့် ရုပ်/သံ-၃ ဦးအောင်ကိုတို့သည် ဩဂုတ် ၂၆ရက် နံနက် ၁၀နာရီက ဆားလင်းကြီးကျေးရွာ သုတအိမ်စာကြည့်တိုက်သို့ ကွင်းဆင်းဆောင်ရွက်ကြသည်။ (မြို့နယ် ပြန်/ဆက်)

ပူတာအို၌ ဗီတာမင်အေဆေးလုံးတိုက်ကျွေး

ကချင်ပြည်နယ် ပူတာအိုမြို့၌ အာဟာရ ရက်သတ္တပတ် တိုက်ကျွေးရေး စီမံချက်နှင့်အညီ ဩဂုတ် ၁၀ရက်က ကောင်ကထောင်ရပ်ကွက် မူကြိုကျောင်းရှိ ကလေးများနှင့် မြို့မရပ်ကွက် မိခင်နှင့်ကလေးမူကြိုကျောင်းရှိ ကလေးများအား မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွင်းရေးမှူး ဒေါ်ခင်စောက ဦးဆောင်၍ အာဟာရကျွေးခြင်းနှင့် ဗီတာမင်အေဆေးလုံးများ တိုက်ကျွေးကြသည်။ (ခရိုင် ပြန်/ဆက်)

ကြက်၊ငှက်၊ဝက်တုပ်ကွေး ပညာပေးဆွေးနွေး

ကမ္ဘာ့လူတုပ်ကွေး၊ ကြက်၊ ငှက်၊ ဝက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ပညာပေးဆွေးနွေးပွဲကို ဩဂုတ်၁၉ရက် နံနက်၁၁နာရီခွဲက မြို့နယ်ရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင်မြင့်က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာရွှေပြည်က ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါအကြောင်းနှင့် မြို့နယ်တိ/မွေးကု ဦးစီးအရာရှိ ဒေါ်စောလှက ကြက်၊ ငှက်၊ ဝက်တုပ်ကွေးရောဂါအကြောင်း ပညာပေးဆွေးနွေးကြသည်။ (မြို့နယ် ပြန်/ဆက်)

မကွေး၌ တိုင်းရင်းဆေးဆရာအသင်း ညှိနှိုင်းဆွေးနွေး

မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း မကွေးတိုင်းအသင်းခွဲ၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဩဂုတ် ၂၇ရက် ညနေ၄နာရီက မကွေးတိုင်း ဦးစီးဌာနမှူးရုံး၌ ကျင်းပရာ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းဗဟို ဒုတိယဥက္ကဋ္ဌ မကွေးတိုင်းတာဝန်ခံ ဆရာကြီး ဦးသန်းညွန့် တက်ရောက်၍ အမှာစကားပြောကြားသည်။ (တိုင်းရင်းဆေး)

လက်ဖက်ကိုင်းဖြတ် သရုပ်ပြပွဲ မင်းတပ်၌ ကျင်းပ

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ကြီးမှူးပြုလုပ်သည့် လက်ဖက်ကိုင်းဖြတ်ပုံသွင်း သရုပ်ပြပွဲ အခမ်းအနားကို စက်တင်ဘာ ၅ရက် နံနက် ၈နာရီက ခရိုင်ကျန်းမာရေးမှူးရုံးခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်သိန်းက အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးသိန်းဇော်က လက်ဖက်ကိုင်းဖြတ်ပုံသွင်းရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားသည်။ ထို့နောက် မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးဝင်းမြင့်နှင့် စိုက်ပျိုးရေးဝန်ထမ်းများက ကျန်းမာရေးဦးစီးဌာန လက်ဖက်စိုက်ခင်းတွင် လက်တွေ့သရုပ်ပြသကြသည်။ (ခရိုင် ပြန်/ဆက်)

စာဌားကတ်စနစ်ကျင့်သုံးရေး ရွှေကူမြို့၌ ဆောင်ရွက်

ဗန်းမော်ခရိုင် ရွှေကူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးကျော်စိုးနိုင်နှင့်အဖွဲ့ ပန်းတင်စံပြကျေးရွာ ပညာရှေ့ဆောင် စာကြည့်တိုက်သို့ စက်တင်ဘာ ၆ရက် နံနက် ၁၀နာရီက ရောက်ရှိပြီး အုပ်စုဥက္ကဋ္ဌ ဦးထွန်းလင်း၊ စာကြည့်တိုက်ကော်မတီဝင်များနှင့်တွေ့ဆုံပြီး မြို့နယ်အတွင်းရှိ ဖွင့်လှစ်ပြီး ခိုင်မာစာကြည့်တိုက်များ ရေရှည်ရှင်သန်ခိုင်မာရေးအတွက် စံ(၅)ချက်နှင့် ပြည့်စုံညီညွတ်ရေး၊ ရန်ပုံငွေနှင့် စာအုပ်စာစောင်တိုးပွားရေးအတွက် စာဌားကတ်စနစ် ကျင့်သုံးဆောင်ရွက်ရေးတို့ကိုကွင်းဆင်းဆောင်ရွက်ကြသည်။ (မြို့နယ် ပြန်/ဆက်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

✻ VOA, BBC - ရန်တိုက်ပေးနေသည်။

✻ RFA, DVB - သွေးထိုးနေသည်။

✻ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။

✻ နားမယောင်လေနဲ့ သတိထား။

ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် သံလွင်တံတား (တာပါး) ကြံ့ခိုင်မှု ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၄

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် စက်တင်ဘာ ၁၃ရက် နံနက်ပိုင်းတွင် လောက်ကိုင်မြို့ အစည်းအဝေးခန်းမ၌ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်း၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာများနှင့် စပ်လျဉ်း၍ မှာကြားသည်။

စာမျက်နှာ ၃ ကော်လံ ၃ ■

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

ဖွဲ့စည်းပုံအခြေခံဥပဒေအတွင်းက မိမိတို့ဒေသဖွံ့ဖြိုးရေး၊ လုံခြုံရေးတွေကို ဆောင်ရွက်ခွင့်ရလျှင် ထိုဒေသများတွင် ထာဝရငြိမ်းချမ်းရေးရပြီဟု ဆိုနိုင်ပေပြီ။ ထိုအခါ လာမည့်အနှစ်နှစ်ဆယ်သည် ကုန်လွန်ခဲ့သည့် အနှစ်နှစ်ဆယ်ထက် ပိုပြီး အေးချမ်းဖို့၊ ပိုပြီး ဖွံ့ဖြိုးတိုးတက်ဖို့၊ ဒီမိုကရေစီ အခွင့်အရေးများကို ပိုပြီး ကျင့်သုံးနိုင်ဖို့၊ တိုင်းရင်းသားရေးရာတွေကို ပိုပြီး လုပ်ဆောင်နိုင်ဖို့သာဖြစ်သည်။

ရဲကျော်၏ဆောင်းပါး-စာမျက်နှာ(၈)နှင့်(၉)တွင် ဖတ်ရှုနိုင်ပါသည်။

စိမ်းလန်းစိုပြည် မိတ္ထီလာမြေ

မြေတူးမြေသယ်ယာဉ်များဖြင့် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေး မြောင်းမကြီးတူးဖော်မှုကို ဤသို့ဆောင်ရွက်လျက်ရှိသည်။ ဓာတ်ပုံမှတ်တမ်း-အောင်သန်း (မင်္ဂလာတောင်ညွန့်)

သတင်းခရီးသည် - ကျော်စိန်၊ ဓာတ်ပုံမှတ်တမ်း - အောင်သန်း (မင်္ဂလာတောင်ညွန့်)၊ စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဖြိုး (မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၁၄

မိတ္ထီလာနယ်မြေအတွင်းရောက်သည်နှင့် မြင်ကွင်းက ပြောင်းလဲသွားသည်။ တစ်ချိန်က ခြောက်သွေ့သည်ဟု ပြောစမှတ်ပြုခဲ့သောဒေသက ယခုအခါ စိမ်းလန်းစိုပြည်နေသော လယ်ကွင်းများ၊ သစ်ပင်သစ်တောများဖြင့် မိတ္ထီလာနယ်မြေ အလှဆင်ပြောင်းလဲစေခဲ့ပေပြီ။

စာမျက်နှာ ၁၂ ကော်လံ ၁ ✻

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၄

ကျန်းမာရေးဝန်ကြီးဌာနသည် ကမ္ဘာ့လူတုပ်ကွေး ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို ဧပြီ ၂၈ရက်မှစတင်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ New Influenza A(H1N1) အတည်ပြုလူနာ ၃၉ဦးရှိပြီး သေဆုံးသူ မရှိကြောင်း၊ ၃၃ဦးမှာ ကျန်းမာရေးကောင်းမွန်၍ ဆေးရုံမှ ဆင်းပေးပြီးဖြစ်ကြောင်း၊ လက်ရှိ ဆေးရုံတက်လူနာ ခြောက်ဦးသာရှိပြီး ၎င်းတို့၏ ကျန်းမာရေး အခြေအနေမှာ ကောင်းမွန်လျက်ရှိကြောင်း သိရှိရသည်။

စာမျက်နှာ ၃ ကော်လံ ၅ ●

15-9 (20).pmd 1 9/14/2009, 3:00 PM